(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်တွေ့ဆုံ



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သင်တန်းသားများအား ပုဆိုးနှင့် ရှပ်အင်္ကျီများပေးအပ်ပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပုသိမ်တပ်နယ် အားကစားခန်းမ၌သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၆)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ပုဆိုးနှင့် ရှပ်အင်္ကျီများအားပေးအပ်ပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းဆောင်ရွက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနေမှုကိုကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၆

မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့်အဖွဲ့ဝင်များ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ မဲပေးခြင်းရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)တွင် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း၊ တာဝန်ရှိသူများက မဲရလဒ်များအား ထုတ်ယူကြည့်ရှုစစ်ဆေးခြင်းများကို သရုပ်ပြသကြရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-ဧ-၂၀၂၅ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြန်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၂၉၀၀	၃၀၁၀	၂၉၈၀	၂၉၁၅	၃၀၂၀	၃၀၃၅	၃၀၅၀	၂၉၇၀	၄၇၀၅	၃၂၆၅	၂၉၈၅	၂၉၉၀	၃၀၆၀	၃၀၂၅	၃၀၄၅	၃၃၀၀
95 Ron	၂၉၇၅	၃၀၇၀	၃၀၃၅	၂၉၇၀	၃၀၇၅	၃၀၉၀	၃၀၁၀	၃၀၃၀	၄၇၆၀	၃၃၂၀	၃၀၄၅	၃၀၄၅	၃၁၀၅	၃၀၈၀	၃၁၀၅	၃၃၆၀
HSD (500 ppm)	၂၆၁၅	၂၇၂၅	၂၆၉၅	၂၆၃၀	၂၇၃၅	၂၇၅၀	၂၇၆၅	၂၆၈၅	-	၂၉၈၀	၂၇၀၀	၂၇၀၅	၂၇၇၅	၂၇၄၀	၂၇၆၀	၃၀၁၅
HSD (50 ppm)	၃၂၃၅	၃၃၅၀	၃၃၀၅	၃၂၅၅	၃၃၅၅	၃၃၇၀	၃၃၉၀	၃၃၀၅	၄၈၃၀	၃၆၀၀	၃၃၂၅	၃၃၂၅	၃၃၉၅	၃၃၆၀	၃၃၈၅	၃၆၄၀
HSD (10 ppm)	၃၂၃၅	၃၃၅၀	၃၃၀၅	၃၂၅၅	၃၃၅၅	၃၃၇၀	၃၃၉၀	၃၃၀၅	-	၃၆၀၀	၃၃၂၅	၃၃၂၅	၃၃၉၅	၃၃၆၀	၃၃၈၅	၃၆၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၇၃၂	၂၈၂၁
95 Ron	၂၇၈၉	၂၈၇၉
HSD (500 ppm)	၂၄၅၆	၂၅၃၅
HSD (50 ppm)	၃၀၆၀	၃၁၅၀
HSD (10 ppm)	၃၀၆၀	၃၁၅၀

၁၆-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)ကျပ်ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

အခြေခံပညာကျောင်းများနှင့် မြို့နယ်ကျန်းမာရေးဌာနတို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးရှိ စာသင်ကျောင်း၌ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ် အပါအဝင် မြို့နယ်(၁၆)မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ဘန့်ဘွေး)၊ အခြေခံပညာမူလတန်းကျောင်း(ဘန့်ဘွေး)နှင့် ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးECCD မူလတန်းကြိုကျောင်း (ဘန့်ဘွေး)တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနှိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ မြို့နယ်ကျန်းမာရေးဌာန၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ ဘန့်ဘွေးကျေးရွာရှိကျေးလက်ကျန်းမာရေးဌာနတို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

(၃၈) ဖြာ မင်္ဂလာ

နှလုံးသွင်းပါ ဆင်ခြင်ပါ (အာရတီ ဝိရတီ ပါပါ)



ပြည်-ပေါက်ခေါင်းကားလမ်း၏နံဘေးမှာ နဂါးတွန့်တံခါးပေါက်ရှိသည်။ နဂါးတွန့်တံခါးပေါက်သည် သရေခေတ္တရာမြို့ဟောင်းရှိတံခါးများအနက် ထင်ရှားသောတံခါးပေါက်တစ်ခုဖြစ်သည်။

"မြို့ရိုးဝင်ပေါက်က မန္တလေးမြို့ရိုးဝင်ပေါက်နဲ့ မတူဘူးနော်"

ပိုင်စိုးက မြို့ရိုးကိုကြည့်ရင်း ဆိုလာသည်။ တင့်လွင်ကလည်း "ဟုတ်တယ်၊ ရုပ်ရှင်ထဲမှာ မန္တလေးမြို့ရိုးဝင်ပေါက်ကို တွေ့ဖူးတယ်၊ ဒီနဂါးတွန့်တံခါးပေါက်ပုံစံနဲ့မတူဘူး" ဟု ဝင်ပြောလိုက်လေသည်။

"သရေခေတ္တရာမြို့ရိုးဝင်ပေါက်တွေက အဝကျယ်တယ်၊ အတွင်းမှာ ကျဉ်းတယ်၊ လက်တံရှည်တွေက ပေ ၁၅၀-၂၀၀ နီးပါးရှိမယ်နော်"

စိုးသူက မှတ်ချက်ပြုလိုက်သည်။

"ဒီ ပြည်-ပေါက်ခေါင်းကားလမ်းမကြီးကလည်း မြို့ရိုးပေါ်မှာ ဖောက်ထားတာလို့ တို့အဖေပြောပြဖူးတယ်ကွ" ဟု မောင်လတ်က ဝင်ပြောသည်။ ပိုင်စိုးက တစ်နေရာသို့ လက်ညှိုးညွှန်ပြရင်း

"ဟုတ်တယ်လေကွာ၊ ဟို နတ်ပေါက်ကိုကြည့် ပါလား၊ ကားလမ်းအောက်ရောက်နေတာ မြင်နေရတာပဲ" ဟု ပြောလာလေသည်။

နဂါးတွန့်တံခါးပေါက်မှ ပြည်-ပေါက်ခေါင်းကားလမ်းပေါ်သို့ စိုးသူတို့ ပြန်တက်လိုက်ကြသည်။

"ဟာ အိတ်တစ်အိတ်"

ကားလမ်းပေါ်၌ တင်ကျန်ရစ်ခဲ့သော ပိုက်ဆံအိတ်တစ်အိတ်ကို ပိုင်စိုးကပြေးကောက်လိုက်သည်။

"ကားတစ်စီးစီးပေါ်က ကျကျန်ရစ်ခဲ့တာဖြစ်မယ်" ဟု စိုးသူက ထင်ကြေးပေးလိုက်သည်။ ပိုက်ဆံအိတ်သည် ဖောင်းပွလျက်ရှိသဖြင့် "ဖွင့်ကြည့်ကွာ" ဟု မောင်လတ်က တိုက်တွန်းလိုက်သည်။

ပိုင်စိုးက ပိုက်ဆံအိတ်ကို ဖွင့်လိုက်သည်။

"ဟာ ပိုက်ဆံတွေ"

သူတို့အားလုံးနှုတ်မှ ပြိုင်တူရွတ်လိုက်မိကြသည်။

"တို့ ... တို့တွေ ဘာလုပ်မလဲ"

ပိုင်စိုးက ပိုက်ဆံအိတ်ကို ပြန်သိမ်းရင်း စိုးသူတို့ကို မေးလိုက်သည်။ အားလုံး၏စိတ်ဝယ် ဝေခွဲမရဖြစ်သွားကြသည်။ မျက်စိထဲ၌လိုချင်သော ကစားစရာနှင့် မုန့်မျိုးစုံတို့သည် ဝေ့ဝဲပေါ်လာကြသည်။

"တို့လေးယောက် ခွဲယူမယ်ကွာ"

မောင်လတ်က စတင်ဆိုလာသည်။ ပိုင်စိုးကလည်း "အေး" ဟု ထောက်ခံသည်။ တင့်လွင်က ငြိမ်နေသည်။ စိုးသူက ဘာစကားမျှမဆိုမိ။ ထိုစဉ် တင့်လွင်က စတင်စကားဆိုလာသည်။

"ငါလည်း လိုချင်တာပါပဲကွာ။ ဒါပေမဲ့ မင်းတို့ တစ်ခုစဉ်းစားနော်။ တို့အတန်းပိုင်ဆရာပြောဖူးတယ်လေ။ မကောင်းမှုကိုပြုလုပ်ဖို့ အခါအခွင့်ပေးနေခဲ့ရင် တောင်မှ အဲဒီမကောင်းမှုကို ပြုလုပ်ကျူးလွန်မိတာဟာ ငါတို့ရဲ့ ဇာတိ၊ ငါတို့ရဲ့ဂုဏ်နဲ့မသင့်လျော်ဘူးလို့ နှလုံးသွင်းပါတဲ့။ ဒီပိုက်ဆံအိတ်ဟာ ငါတို့ပိုက်ဆံမဟုတ်ဘူးလေကွာ။ လိုချင်ပေမယ့်အခွင့်အခါပေးနေပါလျက်နဲ့ ငါတို့နဲ့မသင့်လျော်ဘူးလို့ပဲ ဆုံးဖြတ်လိုက်ရအောင်ကွာ"


တင့်လွင်စကားကြောင့် စိုးသူတို့အားလုံးငြိမ်သွားကြသည်။ သူတို့အာရုံထဲဝယ် ဆရာ့စကား ဆရာ့မျက်နှာကို မြင်ယောင်လာမိသည်။

"ကျေးရွာလူကြီးတွေကို သွားအပ်မယ်ကွာ"

ပိုင်စိုးက ဆုံးဖြတ်လိုက်သည်။

စိုးသူတို့အားလုံး ယနေ့မှစ၍ မကောင်းမှုကို မပြုလုပ်ဟု နှလုံးသွင်းလိုက်ကြပါသည်။ ။

ကိုဇော်ဌေး(ယဉ်ကျေးမှု)



နိမ့်နိမ့်လေးတင်မရ

ခေါင်းရင်းအိမ်က အရီးလေးမယ်သုံတို့ သားအမိနှစ်ယောက် အပြန်အလှန်ပြောဆိုနေသံတွေကို ကိုဦးအတိုင်းသားကြားနေရတယ်။

"မိဇာရေ.. ၊ ဘဲဥချက်ပန်းကန်ကို သေချာသိမ်းနော်၊ တော်ကြာမြင့်မြင့်တင်နဲ့ တွေ့သွားဦးမယ်"

"စိတ်ချပါ . . . အမေရဲ့၊ သူ့အကြောင်းကို သမီးအသိဆုံးပါ၊ ဟိုတလောကလည်း ညနေစာချန်ထားတဲ့ဟင်းတွေကို အုပ်ဆောင်းဖွင့်ပြီး အကုန်စားသွားတယ်လေ"

"အေး. . . အေး၊ ကြောင်အိမ်ထဲထည့်ပြီး သော့ခတ်ထားအေ၊ သည်သူက စိတ်ချရတာမဟုတ်ဘူး"

မကြားစဖူး၊ သည်မြင့်မြင့်တင်ဆိုတဲ့ နာမည်ကို ထပ်တလဲလဲ ပြောဆိုနေကြတော့ သိချင်တာနဲ့ ကိုဦး လှမ်းမေးမိတယ်။

"ဗျို့. . အရီးလေး၊ မြင့်မြင့်တင်ဆိုတာ ဘယ်သူတုံးဗျ"

"အိမ်က ခွေးနီမပါကွယ်၊ ဒင်းက နိမ့်နိမ့်လေးတင်ထားလို့ မရဘူးလေ" တဲ့။

ဖိုးစလုံး

မှတ်သားဖွယ်စုံ စကားပုံ

ချစ်ချစ်ခင်ခင်နေကြရအောင်

"ကျွဲနှစ်ကောင်ခတ်တဲ့ကြား မြေစာပင်ကြေ"ဆိုတဲ့ မြန်မာစကားပုံရှိတယ်။ "ကျွဲနှစ်ကောင်ခတ်တဲ့ကြား မြေစာပင်မခံနိုင်"ဆိုတဲ့ မြန်မာစကားပုံနဲ့ အဓိပ္ပာယ်ချင်းအတူတူပါပဲ။ ကျွဲနှစ်ကောင်ခတ်ရင်တော့ ကြားမှာရှိတဲ့ မြေစာပင်တွေက ကြေမွပျက်စီးရပါတယ်။ မြေစာပင်တွေက သူ့ဘာသာသူ နေတာပါ။ ကျွဲနှစ်ကောင်က မြေစာပင်တွေပေါ် လာခတ်လို့သာ မြေစာပင်တွေခမျာ မဆီမဆိုင်ပျက်စီးရတာပါ။

ကျွဲသားပေါက်တွေ ကျွဲလားမြောက်လာတဲ့အခါမှာ တစ်ကောင်နဲ့ တစ်ကောင်က ရန်စောင်နေတာပဲ။ တစ်ကောင်ကတစ်ကောင်ကို အနိုင်ယူချင်နေတယ်။ ကျွဲလားမြောက်စဆိုတော့ သန်တုန်းမြန်တုန်းအရွယ်ပေါ့။ ခေါင်းမှာပေါက်နေတဲ့ချိုတွေကလည်း ထောင်ပြီးချွန်နေတာပဲ။ ဒီတော့ ချိုတထောင်ထောင်တွေနဲ့ ကျွဲလားမြောက်စ ကျွဲပေါက်တွေက ကျွဲရေးပြချင်နေကြပြီ။ တစ်ကောင်နဲ့တစ်ကောင်တွေ့ပြီဆိုတာနဲ့ ချိုချင်းခတ်ကြတော့တာပါပဲ။ ရန်ဖြစ်ကြတာပေါ့။

ကျွဲချင်းခတ်တော့ ခတ်တဲ့ကျွဲနှစ်ကောင်စလုံး ကောင်းကျိုးချမ်းသာမခံစားရပါဘူး။ ဆိုးကျိုးဆိုးပြစ်တွေပဲ ခံစားရတယ်။ နှစ်ကောင်စလုံးဒဏ်ရာဗရပွရတာပဲ အဖတ်တင်တယ်။ ကျွဲချင်းခတ်တော့ မြေပြင်ပေါ်မှာ ပေါက်နေတဲ့ မြက်ပင်လေးတွေခမျာလည်း ကြေမွပျက်စီးရရှာတယ်။ အဲဒီမြက်ပင်တွေက ကျွဲတွေရဲ့ စားစရာအစားအစာတွေပါ။ ကျွဲချင်းခတ်တော့ စားစရာအစားအစာတွေပါ ပျက်စီးဆုံးရှုံးရရှာတာပေါ့။ ကျွဲချင်းခတ်ရာကနေဖြစ်လာတဲ့ အကျိုးဆက်တွေပါပဲ။ ကျွဲချင်းခတ်နေတာကို မြင်တွေ့ရတာ စိတ်မချမ်းသာရပါဘူး။ ကျွဲချင်းခတ်နေတာက စိတ်ချမ်းသာစရာမြင်ကွင်းလည်း မဟုတ်ပါဘူး။

အချင်းချင်းရန်မဖြစ်ဘဲ ချစ်ချစ်ခင်ခင်၊ ကြင်ကြင်နာနာနေကြတဲ့ မြင်ကွင်းကတော့ စိတ်ချမ်းမြေ့စရာကောင်းတယ်။ ဘယ်သူ့ကိုမှလဲ မထိခိုက်ဘူး။ မပျက်စီးဘူး။ ကြည်နူးစရာကောင်းတာပေါ့။ ကြည်နူးစရာကောင်းတဲ့မြင်ကွင်းကို ဖော်ကျူးထားတဲ့ ထားဝယ်တေးကဗျာတစ်ပုဒ်ရှိပါတယ်။ အဲဒီတေးကဗျာရဲ့အမည်က "ကျွဲသားနှစ်ကောန်"တဲ့။ တေးကဗျာကိုဖန်တီးရေးဖွဲ့တဲ့ စာဆိုရဲ့အမည်ကိုတော့ မသိရပါဘူး။ ပညာရှင်တွေကတော့ ၁၉ ရာစုမှာ ပေါ်လာတဲ့တေးကဗျာလို့ခန့်မှန်းကြပါတယ်။

"ကျွဲသားနှစ်ကောန်"

ကျွဲသားနှစ်ကောန်၊ တိုက်ဖို့ဆောန်၊
ညောန်ပန်အော့မှာထား။
မလေစာ ဖြစ်ကိုစား
မလေစာ ဖြစ်ကိုစား။
ဟေး မယ်ဝေ့ မယ်ဝေ့၊
မဝါလွမ်းစမား။

"ကျွဲသားနှစ်ကောန်" ထားဝယ်တေးကဗျာမှာပါတဲ့ အချို့စကားလုံးတွေက ထားဝယ်ဒေသိယစကားတွေပါ။ မြန်မာစာပေပညာရှင်တွေက "ကျွဲသားနှစ်ကောန်" ထားဝယ်တေးကဗျာမှာပါတဲ့ ထားဝယ်ဒေသိယစကားလုံးတွေရဲ့အဓိပ္ပာယ်ကို ဖွင့်ဆိုပေးထားပါတယ်။ ကျွဲသားကို (ကျွဲငယ်)၊ မလေစာကို(မြေစာ)၊ မဝါကို (မယ်တို့ရွာ)၊ မယ်ဝေ့ကို (အသက်ငယ်တဲ့သူက အသက်ကြီးတဲ့သူကိုခေါ်တဲ့ အာလုပ်စကား)၊ ဖြစ်ကို(မြက်)၊ လွမ်းစမားကို(လွမ်းဆွတ်မိတယ်)၊ အော့ကို (အောက်)လို့ ဖွင့်ဆိုပေးထားပါတယ်။ ထားဝယ်တေးကဗျာမှာပါတဲ့ ထားဝယ်စကား "အောန်" သရက မြန်မာစကား "အောင်" သရနဲ့ အတူတူပါပဲ။

"ကျွဲသားနှစ်ကောန်" တေးကဗျာမှာပါတဲ့ ကျွဲပေါက်နှစ်ကောင်က ညောင်ပင်အောက်ရောက်လာတယ်။ အဲဒီကျွဲပေါက်နှစ်ကောင်ကို တိုက်ခိုင်းဖို့ ကျွဲကျောင်းသားလေးကခေါ်လာတာပါ။ ဒါပေမဲ့ ညောင်ပင်အောက်ရောက်လာတဲ့ ကျွဲပေါက်နှစ်ကောင်က မတိုက်ကြပါဘူး။ ညောင်ပင်အောက်မှာ ပေါက်နေတဲ့ မြေစာမြက်တွေက စိမ်းစိုနေတာပဲ။ အဲဒီမြေစာမြက်တွေကို အတူတူစားနေကြတယ်။ မြင်ရတာစိတ်ချမ်းသာရပါတယ်။ ကြည်နူးရပါတယ်။

အဲဒီကျွဲပေါက်နှစ်ကောင်က တစ်ကောင်နဲ့တစ်ကောင် ရန်မလိုဘူး။ ရန်မလိုတော့ ရန်ပြိုတာပေါ့။ ရန်လိုရင်တော့ ရန်ပိုလာမှာပဲ။ ရန်လိုလို့ ရန်ပိုပြီး တိုက်ကြ၊ ရန်ဖြစ်ကြမယ်ဆိုရင်တော့ နှစ်ကောင်စလုံး ထိခိုက်ဒဏ်ရာရမယ်။ အနာတရဖြစ်မယ်။ သူတို့ချင်းမသင့်မြတ်ဘဲ ရန်ဖြစ်ရင် သူတို့နှစ်ကောင်ပဲ ထိခိုက်မှာမဟုတ်ပါဘူး။ ညောင်ပင်အောက်မှာ ပေါက်နေတဲ့ မြေစာပင်တွေလည်းကြေမွပျက်စီးသွားမှာပါပဲ။

ရန်ဖြစ်ရင်ရန်ဖြစ်တဲ့သူပဲ ထိခိုက်ပျက်စီးဆုံးရှုံးတာမဟုတ်ပါဘူး။ အနီးအနားက ပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးဆုံးရှုံးစေပါတယ်။ ရန်ဖြစ်နေရင် ပျော်စရာမကောင်းပါဘူး။ ရန်မဖြစ်ဘဲ ချစ်ချစ်ခင်ခင်နေကြတာက ပျော်စရာကောင်းပါတယ်။ ဒါကြောင့် ရန်မဖြစ်ဘဲ အချင်းချင်း အမျက်အဣာမရှိ ချစ်သောမျက်စိဖြင့်ရှုမြင်၍ ချစ်ချစ်ခင်ခင်နေကြရမှာ ဖြစ်ပါတယ်။ ။

မောင်ကျော်(ပညာရေး)

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကျင်းပနိုင်ရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် သြဂုတ် ၁၆

မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီးဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ လူငယ်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက Inperson စနစ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် လူမှုရေးရာဝန်ကြီးများက Virtual စနစ်ဖြင့်လည်းကောင်း တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နိဒ်ဝင်တကာရေးရာ၊ ပထဝီနိဒ်ဝင်ရေး၊ အမျိုးသားမဟာဗျူဟာနှင့် ပတ်သက်သည့် အခြေခံအသိပညာ ဗဟုသုတများရရှိစေရန်နှင့် လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေးကျွမ်းကျင်မှု အရည်အချင်းများမြှင့်တင်ရန် အတွက်ရည်ရွယ်ပြီး မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ အခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ထူးချွန်သည့် လူငယ်ကိုယ်စားလှယ်များကို စနစ်တကျရွေးချယ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု တိုင်းရင်းသားဝတ်စုံများဖြင့် လူမှုရေးရာဝန်ကြီးများက ဦးဆောင်၍ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားနှင့် ဆွေးနွေးပွဲ အခမ်းအနားများသို့ တက်ရောက်ပါဝင်ဆွေးနွေးနိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားကျင်းပမည့်အစီအစဉ်များ၊ တည်းခိုနေထိုင်စားသောက်၊ သွားလာမှုများ၊ လေ့လာရေးသွားရောက်မည့်ခရီးစဉ်များနှင့်ပတ်သက်၍ အသေးစိတ်ကိုရှင်းလင်းတင်ပြဆွေးနွေးပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်လူမှုရေးရာဝန်ကြီးများက သိလိုသည်များကို မေးမြန်းတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြောကြား၍ အနာဂတ်တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် လူငယ်ကွန်ရက်ကို ဖန်တီးဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း၊ အခမ်းအနားအစီအစဉ် အစ/အဆုံးကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Channel များတွင် တိုက်ရိုက် (Live)ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း၊ အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့်လည်း လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြဝတီ

ချောက်မြို့နယ် ရေတွင်းချို့ကျေးရွာ အဝင်လမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်း မြေကာနံရံတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

ချောက် သြဂုတ် ၁၆

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချောက်-မကွေးကားလမ်းမကြီးမှ ရေတွင်းချို့ကျေးရွာ အဝင်လမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်း မြေကာနံရံတည်ဆောက်နေမှုအခြေအနေများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်အေးလွဲလွဲစိုးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ချောက်မြို့နယ် ချောက် - မကွေးကားလမ်းမကြီးမှ ရေတွင်းချို့ကျေးရွာအဝင်လမ်းပေါ်ရှိ တံတားချဉ်းကပ်လမ်း မြေကာနံရံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးအလေးထားဆောင်ရွက်ကြရန် ပြောကြားပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ ချောက်မြို့နယ် ချောက် - မကွေးကားလမ်းမကြီးမှ ရေတွင်းချို့ကျေးရွာအဝင်လမ်းပေါ်ရှိ ပေ ၂၀ တံတားချဉ်းကပ်လမ်းဘေး ဝဲ/ယာတွင် အရှည်ပေ ၁၀၀ ရှိ မြေကာနံရံတည်ဆောက်ခြင်း၊ အရှည်ပေ ၂၀၀ ချဉ်းကပ်လမ်းမြေဖို့ခြင်း၊ အရှည်ပေ ၃၀ ကျောက်ရိုးစီခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၉၃ သန်းဖြင့် ဇူလိုင်လစတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားချဉ်းကပ်လမ်း မြေကာနံရံတည်ဆောက်ပြီးစီးပါက ရေတွင်းချို့ကျေးရွာရှိ ဒေသခံပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေမည့် အပြင် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **နီလာ**

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် သြဂုတ် ၁၆

ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/၈လ)**

❖ ရှေ့ဖုံးမှအဆက်

တိုက်စစ် တိုက်စစ်မှခံစစ် အတက်အဆင်းချိတ်ဆက်မှုမှန်စွာဖြင့် လျင်လျင်မြန်မြန်အဝေးပေးဘောများသုံးကာ မြန်မာအမျိုးသမီးအသင်းဘက်ကို ပြန်လည်ခြိမ်းခြောက်လာ၍ ပွဲကကြည့်ကောင်းလာသည်။ ပွဲကစားချိန် ၄၄ မိနစ်အရောက်တွင် ဝင်းသိဂီထွန်း၏ ကွင်းလယ်က အဝေးကန်ဘော ထိုင်းဂိုးတိုင်ထိပြီး ဘေးထွက်သွားသည့်အတွက် မြန်မာအမျိုးသမီးအသင်း ဦးဆောင်ဂိုးရခွင့်နစ်နာခဲ့ရသည်။ ပွဲကစားချိန် ၆ မိနစ်တွင် ထိုင်းတိုက်စစ်ကစားသမား၏ ကန်သွင်းမှုအား ဖျက်ထုတ်ရင်း ခံစစ်သမားနှင့်ဂိုးသမားနားလည်မှုလွဲခဲ့သည့်အတွက် ထိုင်းအသင်းဦးဆောင်ဂိုးရရှိသွားသည်။

ဦးဆောင်ဂိုးရသွား၍ စိတ်ဓာတ်တက်ကြွလာသည့် ထိုင်းကစားသမားများက မြန်မာအမျိုးသမီးအသင်းကို သိသိသာသာဖိကစားလာသည်။ အဝေးပေးဘောများဖြင့် ဂိုးထပ်မံရရှိရေး အကြိမ်ကြိမ်ခြိမ်းခြောက်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် ခံစစ်ကစားရင်း တန်ပြန်တိုက်စစ်ဖြင့် ထိုင်းအမျိုးသမီးအသင်းဘက်ကို တစ်ချက်တစ်ချက် ပြန်ခြိမ်းခြောက်နိုင်သော်လည်း ဂိုးအဖြစ်တော့ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။ ပွဲကစားချိန် ၁၃ မိနစ်အရောက်တွင် ဝင်းသိဂီထွန်းက ရရှိသည့်အခွင့်အရေးကို အသုံးချကာ စန်းသော်သော်၏ပေးပို့မှုမှ ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းချေပဂိုးသွင်းပြီးသည်နှင့် စိတ်အားတက်လာကာ အနိုင်ဂိုးထပ်မံရရှိရေး အချိတ်အဆက်မိမိဖြင့်ကစားလာခဲ့သည်။ ထိုင်းအမျိုးသမီးအသင်းကလည်း မြန်မာအမျိုးသမီးအသင်း၏အားနည်းချက်ကိုအသုံးချ၍ ဂိုးပေါက်ခြိမ်းခြောက်မှုအကြိမ်ကြိမ်ပြုလုပ်လာမှုကို မြန်မာဂိုးသမား အကောင်းဆုံးဖမ်းယူပုတ်ထုတ်ကာကွယ်နိုင်ခဲ့သည်။ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်တိုက်စစ်ဆင်ကစားရင်း ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်သည်နှင့် ထိုင်းအမျိုးသမီးအသင်းက တိုက်စစ်မြှင့်ကာ အဝေးကန်ချက်များဖြင့် မြန်မာအမျိုးသမီးအသင်းဘက်သို့ဂိုးပေါက်ခြိမ်းခြောက်မှုများအကြိမ်ကြိမ်ပြုလုပ်လာသည်။ မြန်မာဂိုးသမား အကောင်းဆုံးကာကွယ်နိုင်ခဲ့သည်။ ပွဲကစားချိန် မိနစ် ၇၀ တွင် စန်းသော်သော်၏ကန်ချက်ကို ထိုင်းခံစစ်သမား လက်ဖြင့်ဟန့်တားခဲ့သည့်အတွက် မြန်မာအမျိုးသမီးအသင်းအတွက် ပယ်နယ်တီကန်ခွင့်ရရှိခဲ့သည်။ ရရှိသည့်အခွင့်အရေးကို အသင်းခေါင်းဆောင် ဝင်းသိဂီထွန်းက အမှားအယွင်းမရှိ သွင်းယူနိုင်ခဲ့သည့် အတွက် ၂ ဂိုး-၁ ဂိုးဖြင့် ဦးဆောင်ကာ အနိုင်ရလဒ်ထိန်းကစားနိုင်ခဲ့သည်။ ထိုင်းအမျိုးသမီးအသင်းက ချေပဂိုးရရှိရေးကြိုးစားကစားခဲ့သလို မြန်မာအမျိုးသမီးအသင်းကလည်း ဂိုးထပ်မံရရှိရေး ပွဲပြီးဆုံးချိန် မိနစ်အလိုအထိ ကစားရှိန်မလျော့ဘဲ ကြိုးစားခဲ့ကြရင်း ၂ ဂိုး-၁ ဂိုးရလဒ်ဖြင့်ပင် ပြိုင်ပွဲပြီးဆုံးခဲ့သည်။



မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့်ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။



မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း ထိုင်းအသင်းဘက်သို့ ဂိုးသွင်းယူပြီး အောင်ပွဲခံနေမှုကိုတွေ့ရစဉ်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲတိုင်း၌ ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်နိုင်ခဲ့သည့်အသင်းတစ်သင်းဖြစ်ပြီး ဗိုလ်လုပွဲသို့ငါးကြိမ်တက်ရောက်ခဲ့ရာ ၂၀၀၄ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်ပြိုင်ပွဲနှစ်ကြိမ်၌ ဗိုလ်စွဲခဲ့သည်။ ယခု ၂၀၂၅ ခုနှစ် ပြိုင်ပွဲအတွက် သြဂုတ်လ ၁၉ ရက်တွင် ဗိုလ်လုပွဲအဖြစ် သြစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယင်းနေ့တွင်ပင် ထိုင်းအသင်းသည် ဗီယက်နမ်အသင်းနှင့် တတိယနေရာလုပွဲ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **ဝန်းရံခ**

နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့

အာကာမောင်မောင်

မိမိအလုပ်ကိုမိမိကြိုးစားလုပ်ကိုင်သူတို့သည် ကြီးပွားချမ်းသာခြင်းလမ်းကြောင်းပေါ်တွင်ရှိနေကြသူများဖြစ်သည်။ အလုပ်အကိုင်အခွင့်အလမ်းဟူသည် သူ့အလိုအလျောက်မိမိထံသို့ရောက်လာမည်မဟုတ်သည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းကိုရှာဖွေကြရသည်။ တချို့က မိမိ၏အတတ်ပညာနှင့်လိုက်လျောညီထွေရှိသောအလုပ်ကိုလုပ်ကိုင်ကြသည်။ တချို့က မိမိ၏အသိပညာနှင့်ဆိုင်သောလုပ်ငန်းများကိုလုပ်ကိုင်ကြရသည်။ မည်သို့ဆိုပါစေအလုပ်ဟူသည် ရှာဖွေလုပ်ကိုင်ရသည့် အရာများသာဖြစ်သကဲ့သို့ အလုပ်လုပ်ရန်အတွက် သက်ဆိုင်ရာပညာရပ်များကိုတတ်ကျွမ်းနေကြရမည်မှာအမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင်အလုပ်အကိုင်အခွင့်အလမ်းများကရှိထားပြီးသားဖြစ်သည်။ ထိုအလုပ်အကိုင်အခွင့်အလမ်းများကို ပြည့်ဝစွာအသုံးမချနိုင်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစတင်ကာ နိုင်ငံရေးအပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်၏တာဝန် အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးဆောင်ခဲ့ရသည်။ အဆိုပါကာလတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်အတူ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုမတိမ်းစောင်းအောင်ထိန်းသိမ်းပေးခဲ့သည်။ ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲသည် အဓိကဖြစ်၍ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပနိုင်ရန်အတွက် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသို့ နိုင်ငံတော်အာဏာပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ်ချမှတ်ခဲ့သည်။ အဆိုပါဦးတည်ချက်များတွင် ဒုတိယဦးတည်ချက်မှာ "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဖြစ်သည်။ အဆိုပါဦးတည်ချက်ကိုအောင်မြင်အောင်လုပ်ဆောင်နိုင်ပါကနိုင်ငံတော်သည်ပိုမိုဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်းသို့ရောက်ရှိမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍသည် ရှေးအစဉ်အဆက်ကလုပ်ဆောင်ခဲ့သည့်လုပ်ငန်းကြီးဖြစ်သည်။ မြန်မာနိုင်ငံတွင်ကျေးလက်ဒေသနေလူဦးရေသည် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍသည် လူသားတို့အသက်ရှင်သန်ရန်အတွက် စားရေရိက္ခာထုတ်လုပ်ပေးသည့်အတွက် မရှိမဖြစ်၊ မလုပ်မဖြစ်သောလုပ်ငန်းဖြစ်သည်။ မြေကြီးကရွှေသီးသည်ဟူသောစကားရပ်မှာ သဘာဝမြေကြီးကို အကျိုးရှိရှိအသုံးပြုကာလုပ်ငန်းများတိုးတက်အောင်စွမ်းဆောင်ခြင်းဖြင့်ဝင်ငွေများရရှိလာမည်။ ဤသို့ဖြင့် မြေကြီးကရွှေသီးသည်ဟုတင်စားခြင်းဖြစ်သည်။

စိုက်ပျိုးကဏ္ဍဖြင့်အသက်မွေးဝမ်းကျောင်းပြုနေသူများသည် မိမိတို့လုပ်ကိုင်နေသည့် စိုက်ပျိုးရေးလုပ်ငန်းကြီးပိုမိုတိုးတက်ရေးကိုတီထွင်ကြံဆနေကြရမည်ဖြစ်သည်။ ယနေ့ကာလတွင်နည်းပညာများတိုးတက်လာမှုကြောင့် လယ်ယာလုပ်ငန်းအားလုံးနီးပါးမှာ လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ပြောင်းလဲလာကြပြီဖြစ်သည်။ သာမန်စိုက်ပျိုးခြင်းမှအဆင့်မြင့်နည်းပညာများအသုံးပြု၍အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ထိုမှတစ်ဆင့်လုပ်ငန်းများပိုမိုအောင်မြင်စေရန်အတွက် သီးနှံတိုင်းတွင် ပန်းတိုင်အထွက်နှုန်းသတ်မှတ်ချက်များရှိလာပြီဖြစ်သည်။ အဆိုပါပန်းတိုင်အထွက်နှုန်းသို့ရောက်ရှိအောင်ဆောင်ရွက်ကြခြင်းဖြင့် လုပ်ကိုင်ဆောင်ရွက်နေသူများ၏စီးပွားရေးသည် ကောင်းမွန်လာမည်ဖြစ်သကဲ့သို့ နိုင်ငံ့စီးပွားရေးမှာလည်း တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက်စီးပွားရေးသည် အဓိကအခရာကျသည့်အချက်ဖြစ်သည်။ စီးပွားရေးကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စီးပွားရေးကိုအောင်မြင်အောင်လုပ်နိုင်ရန်မှာ မိမိတို့တွင်ရှိနေသောစီးပွားရေးလုပ်ငန်းကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းမှာအခြေခံဖြစ်သည်။ အရပ်စကားနှင့်ပြောရလျှင် လက်ကြောတင်းအောင် အလုပ်လုပ်ကြဖို့လိုသည်။ မိမိတို့လုပ်ဆောင်ချက်သည် မိမိနှင့်မိသားစုကြီးပွားတိုးတက်ရေးဖြစ်သည်။ ကြီးပွားချမ်းသာသူပေါများလာမှ နိုင်ငံတော်တွင်ဆင်းရဲမွဲတေမှုပပျောက်မည်ဖြစ်သည်။ ဆင်းရဲခြင်းကင်းစေဖို့ဆိုလျှင် အလုပ်လုပ်ခြင်းဖြင့်သာဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းတွင်အဓိကအချက်များဖြစ်သည့် " မျိုး၊ မြေ၊ ရေ၊ နည်း" ဟူသောလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်းဖြင့် စေ့းကွက်ဝင်သော သီးနှံကောင်းများထွက်ရှိမည်။ လက်ရှိရှိနေသောမြေကြီးသည် ထွန်ယက်စိုက်ပျိုးမှုနှစ်ပေါင်းရှည်ကြာလာသည့်အခါ မြေဆီမြေလွှာများလျော့နည်းလာမည်ဖြစ်သည်။ အဆိုပါအားနည်းချက်ကို မြေဩဇာအသုံးပြုခြင်းဖြင့် ဖြည့်ဆည်းရမည်ဖြစ်သည်။ မြေဩဇာနှင့်ပတ်သက်၍လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်းစသည်ဖြင့်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းမှန်သမျှတွင် ရေသည်လည်းမရှိမဖြစ်အရာဖြစ်သည်။

မိုးနည်းရေရှားရပ်ဝန်းဒေသများတွင် ရေရရှိမှုခက်ခဲသည့်အတွက်ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများဆောင်ရွက်ပေးထားသည်။ ထို့ပြင်မိမိတို့လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့်လည်း ရေရရှိရေးအတွက် မိုးရွာတုန်းရေခဲဆိုသည့်စကားအတိုင်း မိုးရေကိုသိုလှောင်ခြင်းမျိုးလုပ်ဆောင်ရမည်ဖြစ်သည်။ မည်သည့်လုပ်ငန်းမဆို နည်းပညာသည်လိုအပ်သည်။ နည်းပညာလိုအပ်မှုအတွက် နိုင်ငံတော်အစိုးရအနေဖြင့် သုတေသနပြုလုပ်ဆောင်ရွက်ခြင်း၊ ပညာရှင်များမွေးထုတ်ခြင်းများဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့တွင် နည်းပညာများကိုအသုံးပြု၍လုပ်ငန်းအောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်လာပါက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုများကိုအထူးပင်အားပေးနေသည့်အတွက် သက်ဆိုင်သူများအနေဖြင့် အလုပ်ကိုအမှန်တကယ်အောင်မြင်အောင်လုပ်ကြရန်သာဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်လာပါက စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများတိုးတက်လာသည်နှင့်အမျှ နိုင်ငံ့စီးပွားတိုးတက်မည်ဖြစ်သည်။ ထို့ကြောင့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဆိုသည့်အတိုင်း နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုများကိုအထူးပင်အားပေးနေသည့်အတွက် သက်ဆိုင်သူများအနေဖြင့် အလုပ်ကိုအမှန်တကယ်အောင်မြင်အောင်လုပ်ကြရန်သာဖြစ်. . .

အလုပ်ကိုစေ့စပ်သေချာစနစ်တကျလုပ်ဆောင်မှုအားနည်းသည့်အခါ ရသင့်သလောက်အကျိုးအမြတ်မရရှိ၍ နစ်နာသူများမှာကာယကံရှင်များဖြစ်သည်ဟုဆိုနိုင်သော်လည်း နိုင်ငံ့စီးပွားရေးကိုလည်း တစ်နည်းနည်းဖြင့်ရိုက်ခတ်လာမည်ဖြစ်သည်။ မိမိတို့ပိုင်ဆိုင်ထားသည့် စိုက်ပျိုးမြေများအပါအဝင် ဖြစ်နိုင်ခြေရှိနိုင်သည်များကို အကျိုးရှိရှိစနစ်တကျအသုံးချနိုင်ရမည်ဖြစ်သည်။ စိုက်ပျိုးရေးတွင်ပန်းတိုင်ရည်မှန်းချက်များရရှိအောင်ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများမရှိပါက ရောင်းကုန်ပစ္စည်းများလည်းရရှိမည်မဟုတ်ပေ။ ထိုအခါဝင်ငွေမှာလည်းဝင်လာမည်မဟုတ်ပေ။

စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းနှင့် သီးထပ်စွမ်းအားပြည့်မီမှုမရှိခြင်းတို့ကြောင့် နိုင်ငံ့ဝင်ငွေမှာတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့်လျော့နည်းထိခိုက်နစ်နာလျက်ရှိကြောင်းသိရှိရသည်။ အဆိုပါလျော့နည်းမှုကိုဖြည့်တင်းရန်မှာ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးခြင်းဖြစ်သည်။ ထိုသို့ပြည့်မီပါက ရောင်းကုန်ပစ္စည်းများရရှိပြီး ကုန်သွယ်မှုလိုငွေများရှိနိုင်မည်မဟုတ်တော့ပေ။

ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကဆောင်ရွက်နေသူများဖြစ်သည့်အတွက် ကျေးလက်နေပြည်သူများလူမှုစီးပွားဘဝမြင့်မားရေးကို နိုင်ငံတော်အစိုးရကဖော်ဆောင်ပေးလျက်ရှိသည်။ တစ်ဖက်က ထိုသို့ဖော်ဆောင်ပေးနေသကဲ့သို့ ကာယကံရှင်များအနေဖြင့်လည်း အထက်တွင်ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျေးလက်စီးပွားမြှင့်တင်ရေးကိုအလေးထားဆောင်ရွက်နေချိန်တွင် လုပ်ကိုင်ဆောင်ရွက်သူများအနေဖြင့် ယခင်ကထက်ပိုမိုကြိုးစားအားထုတ်မှုပြုကြရမည်ဖြစ်သည်။

ဧရာဝတီမြစ်နှင့်ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ စိုက်ပျိုးမြေ ၆ ဒသမ ၃၉ သန်းဧကမြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံပေါ်တွင်ထိုင်နေသည့်တိုင်းပြည်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်မှာ လူတိုင်းက အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်ဖြစ်သည်။ ပိုမိုတိုးတက်ကြီးပွားလိုပါလျှင် ပိုမိုတိုးတက်အောင်ကြိုးစားကြရမည်ဖြစ်သည်။ သာမန်လုပ်ရိုးလုပ်စဉ်ထက်ပိုမိုသောဉာဏ်အား၊ လုပ်အား၊ မိတ်ဆွေအားတို့ဖြင့်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ရေမြေသဘာဝကောင်းမွန်သည့်နိုင်ငံအဖြစ်တည်ရှိနေသည့်အတွက် အဆိုပါအချက်များကိုအကောင်းဆုံးအကျိုးဖြစ်ထွန်းအောင်ကြိုးပမ်းကြရမည်သာဖြစ်သည်။ ထိုသို့ကြိုးစားလုပ်ဆောင်ပါလျှင်ကုန်ထုတ်လုပ်မှုများလည်းတိုးပွားလာမည်ဖြစ်သည်။ နိုင်ငံ့စီးပွားလည်းမြင့်မားလာမည်မှာအမှန်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"ဆိုသည့်အတိုင်း လိုအပ်သည်များကို အားပေးဖြည့်ဆည်းပေးလျက်ရှိပေရာ ပြည်သူအားလုံးက ကြီးပွားတိုးတက်လိုစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။ ။

ကော့ကရိတ်မြို့၌ အီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်

ကော့ကရိတ် ဩဂုတ် ၁၆

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းအမှတ်စဉ် (၃/၂၀၂၅) ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၅ ရက် နံနက်ပိုင်းတွင် ကော့ကရိတ်မြို့ ဒေါနခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးကျော်အောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကော်မရှင်ဦးစီးအရာရှိ ဦးဖြိုးဝေကျော်က မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုရသည့် ရည်ရွယ်ချက်များနှင့် နည်းစနစ်များကို ပယ်မဲမရှိတိကျမှန်ကန်စွာ ကိုင်တွယ်အသုံးပြုနိုင်စေရေးအတွက် ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြများက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်ခန်းစာများကို မြို့နယ်အတွင်းရှိ သင်တန်းသား ဆရာ၊ ဆရာမ ၅၈ ဦးအား စာတွေ့လက်တွေ့ဖြင့် နှစ်ရက်ကြာသင်ကြားပို့ချပေးကြောင်း သိရသည်။ (၄၀၆)

တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

ယမန်နေ့မှအဆက်

ပြန်မည့်ရက်တွင် ကျွန်ုပ်တို့မှာ အိမ်ထောင်ပြောင်းရွှေ့ရခြင်းဖြစ်၍ ဝန်စည်စလယ် အထုပ်အပိုးများနှင့်တကွ သင်္ဘောဆိပ်ဆင်းရခြင်းဖြစ်သောကြောင့် အတော် အလုပ်များ၏။ ထိုနေ့တွင် ဖိုးကျင်မောင်နှင့် ကိုခင်မောင်တို့ လာရောက်ကူညီကြသော်လည်း ဖိုးကြီးမောင် မပေါ်လာချေ။ ကျွန်ုပ်တို့သည် သင်္ဘောပေါ်၌ တစ်နေ့လုံး နေကြရ၍ ည ၈ နာရီမှ သင်္ဘောထွက်လေရာ ကိုခင်မောင်နှင့် ဖိုးကျင်မောင်တို့မှာ ညတိုင်အောင်နေကြ၍ သင်္ဘောထွက်မှ ပြန်သွားကြ၏။ ဖိုးကြီးမောင်မူကား တစ်နေ့လုံးလည်း မပေါ်လာ၊ ဘယ်တော့မှလည်းမလာချေ။ ကျွန်ုပ်ကမူ အကြောင်းတစ်ခုခုရှိ၍သာ မပေါ်လာခြင်းဖြစ်သည်ထင်မိ၍ နောက်နောင်တွင် သင်္ကာရှင်းလိမ့်ဦးမည်ဟု မျှော်လင့်၏။ ဖိုးကြီးမောင်ကား ဤအကြောင်းနှင့်ပတ်သက်၍ ဘယ်သောအခါမှ စကားမစပ်တော့။ ကျွန်ုပ်ကလည်း ထုချေလွှာ မတောင်းတော့ပါ။ သို့သော် ကျွန်ုပ်သည် တပည့်တစ်ယောက်၏ ချွတ်ယွင်းချက်အနေဖြင့် မေ့နိုင်သည်ကား မဟုတ်ပါ။ နောက်ပိုင်း၌ ဖိုးကြီးမောင်သည် စာပေဗိမာန်တွင် အလုပ်ကောင်းတစ်ခုရလျက်ရှိသည်ဟုကြား၍ ပထမ၌ အံ့သြလျက်ရှိ၏။ အံ့သြမိခြင်းမှာ စာပေဗိမာန်ဟူသောဌာနမှာ အင်္ဂလိပ်လို တတ်သူများသာ အလုပ်ရနိုင်သည်ဟု ထင်မိသောကြောင့်ဖြစ်၏။ စုံစမ်းကြည့်သောအခါ၌ ကြားရပုံများကို ထောက်လိုက်သော် ဖိုးကြီးမောင်ကား အင်္ဂလိပ်စကားပုံအရ 'ပေါင်မုန့်ကို မည်သည့်ဘက်မှ ထောပတ်သုတ်ထားသည်'ဟု သိတတ်သော လူတစ်ယောက်ဖြစ်သည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ထို့ကြောင့်လည်း သင်္ဘောဆိပ်သို့ သူမပေါ်လာခြင်းဖြစ်ပေလိမ့်မည်ဟု ကျွန်ုပ်အဖို့ ပြဿနာတစ်ခု ရှင်းသွားပါတော့သည်။

ရန်ကုန်သို့ ပြောင်းရွှေ့ခြင်း

၁၉၄၉ ခုနှစ်တွင် လူထုသတင်းစာတိုက်ကို ဒိုင်းနမိုက်ခွဲခံရ၍ သတင်းစာရပ်ထားရသည်တွင် ကျွန်ုပ်သည် ဝတ္ထုအတို၊ အရှည်များရေးခြင်းဖြင့် အသက်မွေးလျက်ရှိရာ တစ်နှစ်ကျော်ခန့်မျှကြာသောအခါ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်လိုသော ဆန္ဒပြင်းထန်လာခဲ့ပြန်သည်။ သို့ဖြစ်၍ ဇနီး မစိုးနှင့် ခယ်မမိသေးပါ ကျွန်ုပ်တို့သုံးယောက်သည် ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ တစ်ရက်တွင် သင်္ဘောဖြင့် ရန်ကုန်သို့ စုန်ဆင်းကြလေ၏။ ထိုအချိန်၌ ရထားလမ်းမပေါက်သေးချေ။ သင်္ဘောမှာလည်း

"သင်္ဘောမှာလည်း အထက်တန်း၊ အောက်တန်း အခန်းမရှိချေ။ ကုန်းပတ်ပေါ်တွင် ခရီးသည်အားလုံး ကြမ်းတစ်ပြင်တည်း အိပ်ကြရသည်။ မန္တလေးဆိပ်ကမ်းမှ သင်္ဘောထွက်ခွာသောအခါ ခရီးသွားရခြင်းမှာ လုံခြုံမှုမရှိသောကြောင့်ထင်။ သင်္ဘောပေါ်တွင် ခရီးသည်အလွန်နည်း၍ ကြိုက်သောနေရာကို ရွေးယူနိုင်ကြသည်. . ."

အထက်တန်း၊ အောက်တန်း အခန်းမရှိချေ။ ကုန်းပတ်ပေါ်တွင် ခရီးသည်အားလုံး ကြမ်းတစ်ပြင်တည်း အိပ်ကြရသည်။ မန္တလေးဆိပ်ကမ်းမှ သင်္ဘောထွက်ခွာသောအခါ ခရီးသွားရခြင်းမှာ လုံခြုံမှုမရှိသောကြောင့် ထင်။ သင်္ဘောပေါ်တွင် ခရီးသည်အလွန်နည်း၍ ကြိုက်သောနေရာကို ရွေးယူနိုင်ကြသည်။ သင်္ဘောဦးပိုင်းရော နောက်ပိုင်းပါ ကက်ဘင် (အခန်း) မရှိ။ တောက်လျှောက်ကြီး မြင်နိုင်သည့် ဟာလာဟင်းလင်းကြီးဖြစ်၏။ ကျွန်ုပ်တောလိုက်စာရေးဖြစ်ခဲ့စဉ်အခါက မင်းကြီးနှင့် သင်္ဘောဖြင့် ခရီးသွားကြရာတွင် ကျွန်ုပ်က ပဲ့ခန်း (စက္ကင်းကလပ်စ်)မှလိုက်၍ မင်းကြီးက ဦးခန်းမှလိုက်သော ထုံးစံရှိ၏။ ကျွန်ုပ်သည် အလုပ်ကိစ္စရှိ၍ မင်းကြီး၏ ဦးခန်းသို့ ဝင်သွားသောအခါများတွင် လေတဟူးဟူးနှင့် အလွန်အေး၍ ဇိမ်ရှိပုံရသော သူတို့၏နေရာထိုင်ခင်းကို မြင်ရသဖြင့် တောင့်တောင့်တတဖြစ်ကာ တစ်နေ့နေ့၌ သင်္ဘောဦးခန်းတွင် ငါစီးကြည့်ချင်စမ်းပါဘိဟု ဆန္ဒပြုမိသည်။ သို့ဖြစ်၍ မန္တလေးဆိပ်ကမ်း၌ သင်္ဘောပေါ်သို့ ကျွန်ုပ်ကိုယ်တိုင် တက်ပြီး နေရာရွေးသည့်အခါ သင်္ဘောဦးပိုင်းတစ်ခုလုံး လစ်လပ်လျက်ရှိသည်ကို တွေ့ရသည်နှင့် ထိပ်ခွန်းကလေးတည့်တည့်ကိုရွေးယူခဲ့၏။ ကျွန်ုပ်တို့ထက် ရှေ့ကသောခရီးသည်ဟူ၍ မရှိနိုင်တော့ချေ။

သင်္ဘောစီးရခြင်း၏ဖိမ်

သင်္ဘောထွက်လာ၍ အခြေအနေကို ကြည့်လိုက်သောအခါ ငယ်စဉ်က ငါ၏ တောင့်တမူကား ပြည့်ဝပါပေပြီဟု အောက်မေ့မိ၏။ အခန်းတည်းဟူသော အကာအရံ မရှိခြင်းကြောင့် တောင်လေတဟူးဟူးနှင့် အေးရုံမက ချမ်း၍ပင်လာသည်နှင့် ကျွန်ုပ်တို့၏ ဝန်စည်စလယ်ပစ္စည်းများ ခြံရံထားရုံဖြင့် မလုံလောက်ဘဲ မိုးကာ (တာလပတ်)များကိုပင် ချထားရ၏။ "အအေးကြိုက်လှတဲ့လူ၊ ဘယ့်နယ်လဲကွ" ဟု မိမိကိုယ်ကို မေးမိရာ ခပ်ပေပေတေတေ သဘောထားတတ်သော ကျွန်ုပ်၏ ဝါသနာအလျောက် "ကိစ္စမရှိဘူး၊ ဖြစ်ချင်တာ ဖြစ်ရလျှင် ကျေနပ်တာပဲ" ဟု အလျှော့မပေးသော အဖြေထွက်လာလေသည်။ ကျွန်ုပ်သည် သင်္ဘောနှင့် ခရီးရှည်မသွားရသည်မှာ အတန်ကြာပြီဖြစ်၍ စိတ်ထဲ၌ အလွန် ကျေနပ်ပြီး ရထားလမ်းမပေါက်ခြင်းအတွက် ဝမ်းသာမိပါသေးသည်။ ရေကြောင်း ခရီးသွားသောအခါများ၌ ကျွန်ုပ်သည် စာဖတ်ခြင်းထက် ကမ်းဘက်သို့ မျှော်ကြည့်ကာ ရှုခင်းများကို ကြည့်တတ်သော ဝါသနာရှိသည့်အပြင် တစ်ကြိမ်မြင်ထားလျှင် တော်တော်နှင့်မမေ့နိုင်သော မှတ်ဉာဏ်မျိုးလည်း ရှိသည်ဖြစ်၍ လွန်ခဲ့သော နှစ်ပေါင်း ၃၀ တိတိက (၁၉၂၀ ပြည့်နှစ် စက်တင်ဘာလ) သူရိယတိုက်၌ လုပ်စဉ်က ဒုတိယအိမ်ထောင်နှင့် သားသမီးများ၊ မိဘများနှင့်အတူ သင်္ဘောဖြင့် စုန်ဆင်းလာစဉ် မြင်ခဲ့ရသော ရှုခင်းများကို တွေ့မြင်ရသည်နှင့် သွားလေသူများကို သတိရမိပါသေးသည်။ ထိုစဉ်က သူရိယတိုက်သို့ အချိန်မီအောင် ပြန်မရောက်ဆိုကာ ထုချေလွှာတောင်းခံရသည်ဖြစ်ရာ ယခုမှာမူ သင်္ဘောပေါ်၌ ကြာချင်တိုင်း ကြာစေ၊ မည်သူကမျှ ထုချေလွှာ တောင်းနိုင်မည်မဟုတ်ဟု သတိရသည်နှင့် လခစားမဟုတ်သည့် စာရေးဆရာအလုပ်ကို ကျေနပ်လျက်ရှိပါသည်။ ရေကြောင်းခရီးဖြင့် သင်္ဘောစီး၍လာခဲ့ရာ၌ ကျေနပ်မှုအမျိုးမျိုးတွေ့ကြုံရပေရာ ကျွန်ုပ်အထူးတလည် ကျေနပ်လှသော အခြင်းအရာတစ်ခုကို ဖော်ပြရပါဦးမည်။ ကျွန်ုပ်တို့သည် သင်္ဘောပေါ်၌ ထမင်းဝယ်၍မစားကြဘဲ ကိုယ့်ဟာကိုယ် ချက်ပြုတ်စားရန်အတွက် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆန်၊ ငါးပိ၊ ငါးခြောက်မှစ၍အပြည့်အစုံ ဝယ်လာခဲ့ကြရုံသာမက ကျွန်ုပ်အလွန်သဘောကျသော မီးဖိုတစ်ခုလည်းဝယ်လာခဲ့၏။ လေထိုးမီးဖိုမဟုတ်ဘဲ ရေနံဆီဖြင့်ထွန်းရ၍ မီးတောက်ပြာလေးထွက်သော မီးဖိုမျိုးမှာ ထိုစဉ်က ပေါ်ခါစဖြစ်၍ ခရီးသည်များက အဆန်းတကြယ်အဖြစ်နှင့် ဝိုင်းအုံလာရောက်ကြည့်ရှုကြရသည်။ အလွန်သန့်ရှင်း၍ လိုသလောက် အပူရှိန်လည်းရရှိနိုင်၏။ ကျွန်ုပ်သည် အချက်အပြုတ်တွင် မျိုးရိုးဇာတိအလိုက် ဝါသနာပါသူတစ်ယောက် ဖြစ်လေရာ ကျွန်ုပ်၏ ရွက်ဖျင်ခုတင်ကို ခေါက်ထားပြီး သင်ဖြူးပေါ်တွင် မီးဖိုတင်၍ ဇနီးနှင့် ခယ်မတို့က ထောင်းထုလှီးဖြတ်ခုတ်ထစ်ပေးကြသော ဟင်းချက်စရာသားငါးများကို မီးဖိုပေါ်တင်၍ တင်ပျဉ်ခွေလျက် ချက်ပြုတ်ကြော်လှော်ပြီးနောက် မီးဖိုကိုဖယ်ထား၍ သင်ဖြူးပေါ်၌ ညစာ၊ နံနက်စာ၊ နေ့လည်စာများ စားသောက်ရခြင်းကဲ့သို့ ဇိမ်ရှိသော အလုပ်သည် ကျွန်ုပ်အဖို့ရာ၌ ခပ်ရှားရှားရှိပါလိမ့်မည်။ ပတ်ဝန်းကျင်ရှိ ခရီးသည်များသည်လည်း ကျွန်ုပ်တို့၏ တက်ညီလက်ညီ ချက်ပြုတ်ကြော်လှော် ခူးခပ်စားသောက် ဆေးကြော သုတ်သင်ကြခြင်းများကိုမြင်ရ၍ သွားရည်ကျသည့်လက္ခဏာနှင့်" သိပ်ကြည့်ကောင်းတယ်ခင်ဗျာ"ဟု တကယ့် မုဒိတာသဘောနှင့် ပြောဆိုချီးကျူးကြလေသည်။

လမ်းလျှောက်ခြင်း၏အာနိသင်

ကျွန်ုပ်၏ အသက်မှာ ထိုအခါ၌ ၆၁ နှစ်ရှိပြီဖြစ်သော်လည်း မိမိကိုယ်ကို ၄၀ အရွယ်လောက်သာ ထင်မိသည့်အလျောက် လူလတ်အရွယ်များ လှုပ်ရှားနိုင်သလောက် အားကျမခံ လျင်မြန်ဖျတ်လတ်စွာလှုပ်ရှားသွားလာနိုင်ပါသည်။ ဆိပ်ကမ်းတစ်ခုခု၌ သင်္ဘောဆိုက်သည်ဆိုလျှင် စျေးဝယ်သည့် အချိန်ဖြစ်ပါက ကုန်းပေါင်ထိုးသည်နှင့် တစ်ပြိုင်နက် လွယ်အိတ်ကလေးနှင့် ဆင်းသွားပြီး သား၊ ငါး၊ ပုစွန် စသောဟင်းချက်စရာများဝယ်ယူကာ ခြေကုန်သုတ်၍ ပြန်လာခဲ့ရာ သင်္ဘောမှဆင်းလာကြသည့် တခြားခရီးသည် စျေးဝယ်များနှင့် လမ်းတွင်တွေ့၍ "စျေးထဲမှာ ဘာတွေများပေါသလဲ ဆရာကြီး" ဟု ပြုံးရယ်ကာ မေးကြမြန်းကြလေသည်။ ထိုလူများသည် လူကြီးတန်ပဲလျက်နှင့် ဤမျှလောက် ဖင်ပေါ့ရချေသလောဆိုသည့် သင်္ဘောနှင့် ခပ်ပြုံးပြုံး၊ ခပ်လှောင်လှောင် မေးကြခြင်းဖြစ်သည်ဟု ရိပ်မိသော်လည်း ကျွန်ုပ်သည် ထိုသူတို့၏ ပြောင်လှောင်ခြင်းကြောင့် ရှက်သည်မရှိဘဲ ဆိပ်ကမ်းတိုင်းလိုပင် ဤနည်းအတိုင်းပြုလုပ်၏။ မြန်မာလူကြီး တစ်ယောက်အနေဖြင့် လွယ်အိတ်လေးနှင့် စျေးဝယ်သွားခြင်းသည် သိက္ခာမဲ့သည်ဟု ထင်ကြပုံရသော်လည်း ကျွန်ုပ်မူကား ထိုသို့သော သိက္ခာမျိုးကို အထင်မကြီးသဖြင့် ကိုယ်လုပ်ချင်ရာ လုပ်တတ်သူဖြစ်လေသည်။ ဤသို့သော အခြင်းအရာမျိုးကြောင့် ကျွန်ုပ်အပေါ်၌ အထင်သေးသူများရှိကြပုံရသော်လည်း ကျွန်ုပ် ဂရုမစိုက်။ သူတို့၏ သိက္ခာမျိုးနှင့် ကျွန်ုပ်၏ ဖျတ်လတ်ပေါ့ပါး၍ အသုံးဝင်ခြင်းကိုမလဲနိုင်ဟု အောက်မေ့ပါသည်။ ပြည်မြို့ဆိပ်ကမ်း၌ သင်္ဘောဆိုက်၍ ရွှေဆံတော်ဘုရားသို့ လမ်းလျှောက်ရင်း ဘုရားဖူးသွားရန် ကျွန်ုပ်ဆင်းလာသောအခါ "ကျွန်တော်တို့ လိုက်ဦးမည်" ဆိုကာ လူသုံးယောက် လိုက်လာကြ၏။

ဆက်လက်ဖော်ပြပါမည်။

မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသိတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြင်းခြံ ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အဆင့် ကျောင်းကျန်းမာရေး သိတင်းပတ်လှုပ်ရှားမှု စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ်လ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။


ထို့နောက် ခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေးက ကျောင်းကျန်းမာရေးသိတင်းပတ်တွင် ပညာရေးကဏ္ဍမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇင်မာသန်းထွန်းက စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ရည်ရွယ်ချက်နှင့် မြို့နယ်အတွင်း ကျောင်းကျန်းမာရေးသိတင်းပတ်လှုပ်ရှားမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် ကျောင်းကျန်းမာရေးသိတင်းပတ်လှုပ်ရှားမှု အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



ကျော်စွာ(မြင်းခြံ)

ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် လာအိုနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ (၁၀)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးသို့ တက်ရောက်သည့်ကာလအတွင်း ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရက်ဆုတ်ခ်ခွန်းနှင့် ဩဂုတ်လ ၁၄ ရက် ညနေပိုင်းတွင်လည်းကောင်း၊ လာအို နိုင်ငံခြားရေးဝန်ကြီး မစ္စတာထောင်ဆာဗန်ဖုန်ဗီဟေးနှင့် ဩဂုတ်လ ၁၅ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း သီးခြားစီတွေ့ဆုံသည်။

တွေ့ဆုံမှုများအတွင်း သက်ဆိုင်ရာနိုင်ငံများနှင့် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာစေရေးကိစ္စများ၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အန်းနင်မြို့၌ ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နောက်ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာ့လယ်ယာသုံးပစ္စည်းကိရိယာစက်ရုံ (အင်းကုန်း)က အင်ဂျင်ပါဝါသုံး ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက် အရည်အသွေးပြောင်းလဲပြုပြင်စမ်းသပ်ထုတ်လုပ်



နေပြည်တော် ဩဂုတ် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက အရည်အသွေးပြောင်းလဲ ပြုပြင်စမ်းသပ်ထုတ်လုပ်သည့် အင်ဂျင်ပါဝါသုံး ရှစ်တန်းသွား လူထိုင်စီးကောက်စိုက်စက်လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနစိုက်ကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးကိုကိုလွင်နှင့် ဒေါက်တာချာလီသန်းတို့ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေးစဉ် စိုက်ပျိုးရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများအား စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး ဌာနပညာရှင်များက သုတေသနပြုတီထွင်စမ်းသပ်ပြီး MSMEsလုပ်ငန်းများသို့ နည်းပညာလွှဲပြောင်းပေးရန် လိုအပ်ချက်များနှင့် ထုတ်လုပ်လိုက်သည့် စက်ကိရိယာများ၏ ပြုပြင်မွမ်းမံမှုအတွက် နောက်ဆက်တွဲ လိုအပ်လာနိုင်သည့် စက်အစိတ်အပိုင်းအပိုပစ္စည်းများ စေရေးနှင့် မိုးရွာသွန်းမှုများပြားလျက်ရှိခြင်းကြောင့် စိုက်ခင်းများရေနစ်မြုပ်မှုဖြစ်ပေါ်စေရေး၊ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့ကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေသား(IPRD)

➤ **ကျောဖုံးမှအဆက်**

လည်းကောင်း၊ မြေအနေအထားအရ အချို့စိုက်ပျိုးမြေများတွင် လက်စိုက်များဖြင့် လည်းကောင်း၊ အထွက်ကောင်းသည့် အောင်နိုင်တိုး၊ ရတနာတိုး၊ဇီယက်နမ်၊ ရေဆင်းစပါးမျိုးများနှင့်အင်းလယ်စပါး၊ ငွေတိုးစပါးများကို စိုက်ပျိုးထားလျက်ရှိသည်။

ထိုမိုးစပါးများ ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀နှင့်အထက် ထွက်ရှိရေးအတွက် စိုက်ကြပ်တာဝန်ခံဝန်ထမ်းများသည် စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးကာ စပါးပင်နုများကိုကိုက်ဖြတ်စားသောက်တတ်သည့် ရွှေခရုအန္တရာယ် မကျရောက်

စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သံမဏိစက်ရုံစီမံကိန်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် ဩဂုတ် ၁၆

စက်မှုဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သံမဏိစက်ရုံစီမံကိန်းများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ တာဝန်ရှိသူများ၊ စီမံကိန်းကြီးကြပ်မှုကော်မတီ၊ သံမဏိစက်ရုံစီမံကိန်းများ စီမံကိန်းအကောင်အထည်ဖော်ရေး ကြီးကြပ်ဆောင်ရွက်မည့် အဖွဲ့၊ စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့နှင့် စီမံကိန်းစီမံခန့်ခွဲရေးအဖွဲ့တို့မှ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် သံမဏိစက်ရုံစီမံကိန်းနှစ်ခုနှင့် ပတ်သက်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထုတ်ပြန်ထားသည့် အမိန့်ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး၊ စီမံကိန်းလုပ်ငန်းများ သတ်မှတ်အရည်အသွေးများနှင့်ပြည့်မီရေး၊ လုပ်ငန်းများအား စနစ်တကျဖြင့်ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်းပြီးစီးရေး၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် တွေ့ကြုံရမည့်အခက်အခဲများရှိပါက ပိုင်းဝန်းဖြေရှင်းနိုင်ရေး ယခုအစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စီမံကိန်း၏ ဒုတိယအဆင့်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းတာဝန်ခံက စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မှု၊ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)စက်ရုံမှူးက နှစ်အလိုက်သံမဏိများထုတ်လုပ်ခဲ့မှုနှင့် ကုန်ကြမ်းများ ကျန်ရှိမှုအခြေအနေ၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)စက်ရုံမှူးက လေသန့်စင်အလုပ်ရုံစမ်းသပ်လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ စီမံကိန်းလုပ်ငန်းများတိုးတက်မှုနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အရည်အသွေးပြည့်မီသည့် စီမံကိန်းလုပ်ငန်းများဖြစ်စေရေး ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်းနှင့် ပြည်သူ့ဆေးရုံကြီး သင်ကြားရေးနှင့်ကုသရေးလုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ၁၆ ရက်

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့ သူနာပြုသင်တန်းကျောင်း၌ ကျောင်းအုပ်ကြီး၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သူနာပြုများသည် လူနာများနှင့်အနီးကပ် ထိတွေ့ပြုစုရသည့် အချိန် ပိုမိုများပြားသဖြင့် သူနာပြုများအား လေ့ကျင့်သင်ကြားမှုသည် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ အတွက်အရေးကြီးကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် သင်တန်းသား၊ သင်တန်းသူများ၏ လိုအပ်ချက်ကို တတ်နိုင်သမျှပံ့ပိုးပေးရန်နှင့် စိတ်ပိုင်းဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း မိသားစုသဖွယ် ဖေးမဆောင်ရွက်ပေးစေလိုကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း စည်းမျဉ်းစည်းကမ်းလိုက်နာကာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းပညာတိုးတက် စေရေးကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် သင်တန်းကျောင်းအတွင်း ကွန်ပျူတာခန်း၊ စာသင်ခန်း၊ စာကြည့်တိုက်၊ ထမင်းစားဆောင်၊ စားဖိုဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် သူနာပြုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပြည်သူ့ဆေးရုံကြီး-မိတ္ထီလာမြို့ အရေးပေါ်နှင့် ပြင်ပလူနာဌာန၊ ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ အထွေထွေရောဂါကုသဆောင်၊ ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ကုသဆောင်၊ ဓာတ်ခွဲခန်းနှင့် လူနာများအား



ကုသပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မိတ္ထီလာခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ မြန်မာနိုင်ငံမျှော်မှန်းလူ့သက်တမ်းကို ပိုမိုကောင်းမွန်စေရေး၊ မိခင်သေဆုံးနှုန်း၊ ကလေးသေဆုံးနှုန်း၊ ကူးစက်ရောဂါဖြစ်ပွားမှုနှုန်းလျော့နည်းစေရေး ကျန်းမာရေး မြှင့်တင်မှုများ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုကြိုးပမ်းဆောင်ရွက်ရန်၊ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု၊ ကျောင်းကျန်းမာရေး၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရန်၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများပြားတတ်သည့် ရာသီဖြစ်သဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ရန်မှာကြားပြီး တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နေပြည်တော်ကောင်စဥ်ကွင်ဒ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ၁၆ ရက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက် ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် အဝင်လမ်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးဝန်ထမ်းများနှင့် ပြည်သူလူထုများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တပ်ကုန်းမြို့နယ် ဒဟတ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ နေပြည်တော်ပြည်သူ့ဆေးရုံခုတင်-၃၀၀ နှင့်တပ်ကုန်းမြို့ပြည်သူ့ဆေးရုံခုတင်-၁၀၀ တို့မှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူသူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်ကာ ဆရာဝန်ကြီးများအား လက်ဆောင်ပန်းခြင်း၊ ချီးမြှင့်ငွေနှင့် အခြေခံပညာအထက်တန်းကျောင်း ဒဟတ်ကုန်းကျောင်းဖွံ့ဖြိုးတိုးတက်ရေး အတွက် မတည်ငွေများပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ဆင်သေရေလွဲဆည် လက်ယာမြောင်း ပြန်လည်တူးဖော်ပြင်ဆင်နေမှုနှင့် လက်ယာမြောင်း ဘေးစိုက်ပျိုးထားသည့် ဝါနှင့်စားဖိုဆောင်သီးနှံများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာ၌ ဦးထိန်လင်း၏ ဥစားကြက် ၁၅၀၀၊ ဒေသန္တရ ခုနစ်ကောင်နှင့် ဝက်များကို ပေါင်းစည်းလယ်ယာစနစ်ဖြင့် မွေးမြူထားရှိမှု၊ ညောင်လွန့်ကျေးရွာကွင်းအမှတ်(၂၀၄၇)၌ တောင်သူဦးမောင်သင်၏ လယ်တွင် ပေါ်ဆန်းရင်စပါးများ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများအား သဘာဝမြေဩဇာကို ကိုယ်တိုင် ပြုလုပ်သုံးစွဲရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းနည်းလမ်းများနှင့်အညီဆောင်ရွက်ရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးမှာကြားကာ တောင်သူများထံ သဘာဝမြေဩဇာ၊ အောင်နိုင်တိုးမျိုးစပါးများအားပေးအပ်၍ ကောက်ရိုးဖြင့် သဘာဝမြေဩဇာပြုလုပ်နည်း သရုပ်ပြသခြင်းနှင့် ကာကီကင်းဥစားဘဲ မွေးမြူထားရှိမှုများကို ကြည့်ရှုအားပေးသည်။



ညနေပိုင်းတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကိုကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များနှင့်တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြရာ ဇမ္မူသီရိမြို့နယ်အသင်းက လယ်ဝေးမြို့နယ်အသင်းအား ပယ်နယ်တီ ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဖိုလ်စွဲခဲ့သည်။

ထို့နောက် ပြိုင်ပွဲတွင်အကောင်းဆုံးဆုရရှိခဲ့သော အားကစားသမားများ၊ တတိယဆု၊ ဒုတိယဆု၊ ပထမဆုရရှိသော အသင်းများအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုများနှင့် ပထမဆုရရှိသော ဇမ္မူသီရိမြို့နယ်အသင်းအား ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ပြန်/ဆက်)

မိုးပိုနေမည်

နေပြည်တော် ၁၆ ရက်

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

(မိုး/ဧလ)

(၇၉) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ၁၆ ရက်

“ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများ” ခေါင်းစဉ်ဖြင့် (၇၉)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာတင်ထွဋ်က တောင်သူများ၏ အကျိုးရှေးရှုကာ ယခုကဲ့သို့ နည်းပညာဆွေးနွေးပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း၊ သုတေသန၊ စိုက်ပျိုးပညာပေးနှင့် တောင်သူတို့ တစ်နေရာတည်းတွင် ချိတ်ဆက်ဆွေးနွေးနိုင်ကာ တောင်သူများ၏အခက်အခဲကိုသိရှိပြီး ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာသစ်စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် တောင်သူများအနေဖြင့် စိတ်သစ်၊ လူသစ်၊ အတွေးအခေါ်အသစ်၊ ခံယူချက်အသစ်များဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနမှ AERDTC ကျောင်းအုပ်ကြီးက “ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းများခေါင်းစဉ်ဖြင့်” စီမံကိန်းနောက်ခံသမိုင်း၊ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရေးကော်မတီများ၊ စီမံကိန်းကျေးရွာများ သတ်မှတ်ရွေးချယ်ခြင်း၊ စီမံကိန်းကာလအတွင်းဆောင်ရွက်မှု၊ စီမံကိန်းလွန်ကာလအတွင်း ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြေကြားဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်နှင့် သုတေသီများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် နေပြည်တော်ကောင်စီနယ်မြေမှ တောင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပညာရှင်နှင့် တောင်သူများက Zoom Point ၁၀၀ မှ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ



ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့၏ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ၊ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အခြေခံမိတ်ဆက်ခြင်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဩဂုတ် ၁၆



ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF)၏ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ၊ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အခြေခံမိတ်ဆက်ခြင်းသင်တန်းကို မြန်မာနိုင်ငံစာရင်းကောင်စီနှင့် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နဝဒေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက Video Message ပေးပို့၍ အဖွင့်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌက စာရင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Anti-Money Laundering and Countering the Financing of Terrorism –AML/CFT)အသိပညာ၊ ဗဟုသုတများသာမက နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် FATF ၏ အကြံပြုချက်များ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာများကို သိရှိနားလည်ပြီး လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းတွင်လည်း FATF ၏ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ၊ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အခြေခံမိတ်ဆက်ခြင်းကို မြန်မာနိုင်ငံစာရင်းကောင်စီ၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ သို့ပါ၍ စာရင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယခုသင်တန်းမှ ဆွေးနွေးပို့ချမည့်ပညာရပ်များကို လေ့လာမှတ်သားပြီး မိမိတို့သာမက မိမိတို့ စာရင်းလုပ်ငန်းများ၏ Client များကိုပါ AML/ CFT ဆိုင်ရာလုပ်ငန်းများတွင် လှမ်းရေးအဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း၊ သို့ပါ၍ စာရင်းလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယခုသင်တန်းမှ ဆွေးနွေးပို့ချမည့်ပညာရပ်များကို လေ့လာမှတ်သားပြီး မိမိတို့သာမက မိမိတို့ စာရင်းလုပ်ငန်းများ၏ Client များကိုပါ AML/ CFT ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တွန်းအားပေးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ရေး လုပ်ငန်းစဉ်အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့မှ တာဝန်ရှိသူများက FATF ၏ ကမ္ဘာလုံးဆိုင်ရာစံနှုန်းများ၊ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ အခြေခံမိတ်ဆက်ခြင်းကို ဆွေးနွေးပို့ချသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းမှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ၊ အသင်းသားများ၊ စာရင်းလုပ်ငန်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအီလက်ထရောနစ်အဖွဲ့ချုပ်တို့နှင့် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၆

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျိုက္ကဆံကွင်းအတွင်းရှိ ဧည့်ရိပ်သာ၌ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူတို့အား တွေ့ဆုံ၍ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုဆုတံဆိပ်များရရှိနိုင်ရေး၊ မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်နိုင်ရေး၊ ပြိုင်ပွဲကွင်းပြင်ဆင်ဆောင်ရွက်ရေး၊ အားကစားအထောက်အကူပြုပစ္စည်းများရရှိနိုင်ရေး၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ကြိုးစားသွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံအီလက်ထရောနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာကောင်းမြတ်စံနှင့်တွေ့ဆုံ၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့မှုနှင့် ကမ္ဘာ့အဆင့် E sports World Cup ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုဆွတ်ခူးရယူခဲ့ပြီး အဓိမြန်မာနိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့်အတွက် နိုင်ငံတော်က များစွာဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ဂုဏ်ပြုချီးမြှင့်ပွဲများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားသမားများကလည်း အခြား Event အမျိုးအစားပြိုင်ပွဲများ၌ ယခုလို အောင်မြင်မှုများရရှိအောင် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ရန်ကုန် ဩဂုတ် ၁၆

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည် ထောင် စုတိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးတို့က ဖားစည်ကိုးချက်တီးကာ ကရင်လူငယ်များက ကျွဲချိုမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက ဦးစောထွန်းအောင်မြင့်က အဘိုးအဘွားများ လက်ဆင့်ကမ်းသယ်ဆောင်လာသည့် ကောင်းမြတ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းကြရန်၊ ရိုးရိုးသားသား၊ ကြိုးကြိုးစားစားဖြင့် အေးအေးချမ်းချမ်းနေတတ်သည့် ဓလေ့ထုံးစံနှင့်အညီ ဧည့်ဝတ်ကျေပွန်ကာ စိတ်ရှည်သည်းခံတတ်သည့် တရားမျှတမှုတို့နှင့် နှစ်သက်မြတ်နိုးသည့် လူနေမှုစနစ်စသည်တို့ကို ထိန်းသိမ်းသွားကြရန် နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးတိုင်းရင်းသားရေးရာဝန်ကြီးက ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာ အိုးစည်အက၊ ကရင်ရိုးရာဒုံးအက၊ ကရင်ရိုးရာဝါးညှပ်အက၊ ကရင်ရိုးရာကြိုးကျစ်အက၊ လူပျိုကြီးဒုံးအကနှင့် ကရင်ရိုးရာ ကျွဲခုံးအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက် ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဒုတိယဦးစီးရာထူးရှိ တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများအား ကရင်အဘိုးအဘွားများနှင့် ကရင်လူငယ်မောင်မယ်များက ချည်ဖြူဖွဲ့ပေးကြသည်။

ယင်းနောက် ဖျော်ဖြေတင်ဆက်ကြသည့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလျှာဒါန်းသည့် အလှူတော်ငွေကျပ်သိန်း ၁၅၀ ကို ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ဗဟို) ဂုဏ်ထူးဆောင်နာယက ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့က ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ အခမ်းအနားကိုကျင်းပရာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများက ကရင်ရိုးရာ ယဉ်ကျေးမှုအကများဖြင့် လည်းကောင်း၊ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ယဉ်ကျေးမှုအဖွဲ့က စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်အကဖြင့်လည်းကောင်း၊ လှ ည်း ကူး ပညာရေးဒီဂရီကောလိပ် မှ ယဉ်ကျေးမှုအကဖြင့်လည်းကောင်း၊ ကရင်ရိုးရာ ခေတ်ဟောင်း ခေတ်သစ်ဝတ်စားဆင်ယင်မှုများကို Fashion Show အစီအစဉ်ဖြင့်လည်းကောင်း ဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဇော်မင်းလတ်–MNA

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

Farmers plant more than 11,000 acres of pigeon peas in Monywa Township

MONYWA August 16

Local farmers have grown 11,593 acres of pigeon peas as monsoon crops in Monywa Township of Sagaing Region this year, according to the township agriculture department.

In 2025-2026 monsoon crop cultivation season, local authorities earmarked cultivation of 12,355 acres of pigeon peas in Monywa Township but farmers have so far planted 11,593 acres of crops against the target cultivation.

U Soe Thet Aung, the Head of Monywa Township Agriculture Department, commented: "This year, local authorities set a plan to grow more than 12,000 acres of pigeon pea in Monywa Township. But, local farmers planted more than 11,000 acres of crops. Our department helps local farmers meet the target cultivation. Farmers grow pigeon peas as well as other crops as mix-crops and double crops."

Staff members of the township department make field trips to the pigeon pea plantations for providing assistance to local farmers in selecting quality seeds, applying agricultural techniques and preventing pests in order to boost per-acre yield of crops.

Officials of the Monywa Township Agriculture Department disseminate techniques of making natural fertilizers and pests to reduce their costs for agricultural tasks.

SK

Farmers harvest 100 percent of pre-monsoon green gram in Myaung Township



MYAUNG August 16

Sagaing District Agriculture Department stated that local farmers have so far harvested all sown acreage of pre-monsoon green gram plantations in Myaung Township of Sagaing Region. They harvested 2,815 acres of pre-monsoon green gram which yielded 19.79 baskets per acre.

Daw Thida Lwin, Head of Sagaing District Agriculture Department, disclosed: "This year, a total of 2,815 acres of green gram was cultivated during the pre-monsoon season in Myaung Township. Currently, harvesting has been fully completed across all cultivated acres. Regarding green gram cultivation, educational awareness has been provided on expanding cultivation areas and using quality seeds to ensure good yields."

In Myaung Township, the Township Department of Agriculture has provided awareness and guidance to green gram farmers on using high-quality and pure seeds suited to the local area, adopting proper cultivation methods, preventing pest infestations, using fertilizers systematically, and improving crop yields.

It is also learned that during this year's monsoon crop season, collaboration with farmers has taken place to implement the use of quality seeds, inputs, and post-harvest techniques necessary for improving both yield and quality in various pulse crops.

SK

Larger volume of green clams sent to Yangon market

LABUTTA August 16

"Local fishermen and businesspersons from Labutta Township of Ayeyawady Region supplied larger volume of green clams to Yangon market," said Daw Moe Myint, the owner of fishery product trading in Labutta Township.

They sent naturally captured green clams to Yangon market.They sold 88,000 viss of green clams to Yangon market due to high demand from Yangon market.

"We are currently purchasing locally harvested green clams in bulk. These are being bought for the domestic market," said Daw Moe Myint. "In the past month, clam trading has been doing well. Compared to previous months, we've been able to export and sell larger quantities. Fishermen from Labutta Township collect not only fish, prawns, and crabs but also green clams directly from nature. The locally sourced green clams from Labutta are primarily transported and sold to the Yangon market. Because of this increase in trading activity, which is higher than usual, job opportunities for fishermen and traders have also improved."

In Labutta Township, seafood traders purchase various kinds of fish, prawns, crabs, and green clams from local fishermen. These are then systematically cleaned, processed, and packaged before being shipped to Yangon for sale. From Yangon, the products are further distributed to other regions.

SK



Over 9,000 acres of summer paddy harvested in Kanbalu Township

KANBALU August 16

According to Kanbalu Township Agriculture Department, local farmers have harvested 9,215 acres of summer paddy in Kanbalu Township of Sagaing Region.

They planted 22,654 acres of summer paddy in Kanbalu Township, 9,215 acres of which has been harvested so far. It yielded 83.84 baskets per acre.

U Myo Zaw, the Head of Kanbalu Township Agriculture Department, revealed: "A total of 22,654 acres of summer paddy has been planted in the township this year. Now, farmers are harvesting paddy plantations. So far, they have reaped over 9,000 acres of crops. They cultivated summer paddy exceeding the target cultivation. Our department helped local farmers manage agricultural techniques, prevention of pests, minimizing loss and waste of crops and keeping harvested crops under shelters in time."

This year, agricultural staff participated in distribution of quality strains of seeds, agricultural techniques and agricultural inputs to farmers.

The department urged local farmers to follow directives on prevention of pests, process of fulfillment of soil nutrition and collection of quality seeds to grow summer paddy and other crops on time.

SMK

Maubin Township sells a large volume of tender areca nuts to Yangon market



MAUBIN August 16

"Local horticultural farmers and businesspersons from Maubin Township of Ayeyawady Region dispatched a large volume of tender areca nut to Yangon market," said Daw Kyi San, the owner of areca nut trading depot in Maubin Township.

Over 80,000 viss of grated areca nuts from Maubin Township were exported and sold to the Yangon market. The rise in sales of grated areca nuts is attributed to strong domestic demand.

"A large volume of grated areca nuts was sold from Maubin Township to the Yangon market. Because of increasing orders, we had to send even more to Yangon. Currently, the price of one viss of grated areca nut has reached up to Ks-11,500. With trading activity going strong, those engaged in areca nut farming are operating their businesses smoothly," said Daw Kyi San.

Traders go directly to areca nut plantations in Maubin Township to purchase the grated nuts, which are then carefully selected, packaged, and transported for sale in the Yangon market. From Yangon, they are also exported to foreign markets. In the past, only green and dried areca nut markets existed. But now, there is active trade in grated areca nuts, which no longer need to be stored until fully ripe before being sold. **SMK**

More than 1,000 acres of kitchen crops planted in Naga region

NAGA August 16

Local farmers planted 1,521 acres of kitchen crops as monsoon crops in Naga Self-Administered Zone in Sagaing Region, according to the statistics of Sagaing Region Agriculture Department.

Local authorities earmarked 1,556 acres of kitchen crops in Naga Self-Administered Zone in 2025-25 monsoon crop cultivation season but local farmers planted 1,521 acres of crops starting from June this year.

"This year, during the monsoon crop season, a total of 1,556 acres have been targeted for the cultivation of kitchen crops in the Naga Self-Administered Zone. As of today, 1,521 acres have already been cultivated, and planting is still ongoing. Efforts are being made to reach the full target acreage," said Dr Tin Mar Mar Oo, Deputy Director of the Sagaing Region Department of Agriculture.

In the Naga Self-Administered Zone, Lahe Township planted 89 acres of chilli and 231 acres of potato, Summara seven acres of chilli and 106 acres of potato, Lahe Township 150 acres of chilli and 40 acres of potato, Thangpakhwe 30 acres of chilli and nine acres of potato, Nanyun Township: 155 acres of chilli, 115 acres of onion, 45 acres of potato, Donhee 182 acres of chilli, 93 acres of onion and 19 acres of potato and Pansaw: 87 acres of chilli, 142 acres of onion and 21 acres of potato.

This brings the total cultivated area to 1,521 acres.

For the 2025-2026 monsoon crop season, with regard to the planned acreage in the Naga Self-Administered Zone, Leshi Township earmarked 148 acres of chilli and 95 acres of potato, Summara five acres of chilli and 150 acres of potato, Lahe Township 143 acres of chilli and 50 acres of potato, Thangpakhwe 28 acres of chilli and 15 acres of potato, Nanyun Township 171 acres of chilli, 125 acres of onion and 60 acres of potato, Donhee 172 acres of chilli, 100 acres of onion and 40 acres of potato and Pansawng 89 acres of chilli, 125 acres of onion and 40 acres of potato, totalling 1,556.

In the Naga Self-Administered Zone, efforts are being made to support onion farmers by connecting them to better markets, providing storage technology to extend shelf life, and encouraging GAP (Good Agricultural Practices) methods to ensure higher-quality onions.

Additionally, chili farmers are being provided with technical assistance to improve yields and gain market access. They also receive guidance on pest control and improving soil fertility through agricultural best practices, supported by officials from township and district-level agriculture departments. **SK**

Ayadaw Township cultivates more than 14,000 acres of groundnut in monsoon



AYADAW August 16

Monywa District Agriculture Department stated that local farmers from Ayadaw Township of Sagaing Region have planted more than 14,000 acres of groundnut this monsoon.

For the 2025-2026 monsoon crop season, Ayadaw Township has set a target of cultivating 16,980 acres of groundnut. Planting began in May of this year, and as of today, 14,852 acres have already been cultivated.

"This year, during the monsoon season, we've planned to cultivate over 16,000 acres of groundnut in Ayadaw Township. As of now, over 14,000 acres have already been planted, and cultivation is still ongoing to meet the target. Groundnut, as an oil crop, is performing well. Groundnut cultivation has seen steady improvement year over year," said Daw San San Myint, Head of the Monywa District Department of Agriculture.

In Ayadaw Township, it is reported that groundnut cultivation requires about 1.5 baskets of seeds per acre, with total production costs—including seed, labor, fertilizer, and pesticides—exceeding Ks-200,000 per acre. Farmers typically harvest over 50 baskets per acre.

To ensure success in groundnut cultivation this year, staff from the Township Department of Agriculture have been inspecting the fields, keeping records, and providing support to help farmers prevent pest and disease outbreaks and maintain weed-free fields.

SK

Over 7,000 acres of green gram harvested in ChaungU Township this monsoon

CHAUNGU August 16

Statistics of ChaungU Township Agriculture Department stated that local farmers have harvested 7,725 acres of green gram in ChaungU Township of Sagaing Region this year.

In ChaungU Township, a total of 8,823 acres of pre-monsoon green gram were cultivated during this year's pre-monsoon season. Harvesting of these green gram fields began in June and, as of today, 7,725 acres have been harvested, yielding an average of 15.79 baskets per acre.

"This year, ChaungU Township saw green gram cultivation across 8,823 acres in the pre-monsoon season. As of now, 7,725 acres have already been harvested. We've provided education and guidance on expanding cultivation, and emphasized the use of quality and pure seeds to improve yield," said U Tint Swe, head of the Township Department of Agriculture in ChaungU.

The Department of Agriculture has been supporting green gram farmers by promoting the use of high-quality, region-appropriate, and pure seeds, proper planting techniques, pest control methods, and systematic use of fertilizers to help improve productivity. During this year's monsoon crop season, farmers have been guided and supported through the provision of quality seeds, inputs, and post-harvest technologies to ensure better yield and quality in various types of pulses.

SMK

Visit to Alaska was timely and very useful - Putin

MOSCOW August 16

Russian President Vladimir Putin on Saturday described his trip to Alaska to meet with US President Donald Trump as "timely and very useful."

"I want to immediately note that the visit was timely and very useful," Putin said during a meeting following the Russia-US summit.

Eliminating the root causes of the crisis in Ukraine should be the foundation of its resolution, Vladimir Putin said.

"Eliminating these root causes should be the basis for the resolution," said the president during a meeting following the Russia-US summit.

Putin mentioned that during his talks with US President Donald Trump in Alaska, they discussed a possible resolution to the Ukrainian crisis based on fairness. He noted that the summit provided an opportunity to calmly and thoroughly present Russia's position.

"We haven't had direct negotiations of this kind at this level for a long time. I repeat, it was an opportunity to calmly and thoroughly outline our position once again," Putin said during the meeting.

The conversation in Alaska brings us closer to the necessary solutions, Putin added. He described his discussion with US President Donald Trump at the Alaska meeting as frank.

"The conversation was very open and substantive, and in my opinion, it brings us closer to the necessary decisions," Putin said.

Russia would like to resolve all issues concerning Ukraine through peaceful means, President Putin stated. He also mentioned that he would provide detailed information about the conversation with President Trump during the meeting following the negotiations.



"We discussed practically all areas of interaction with US President Donald Trump," Putin said. "I will now give you a detailed account of the entire conversation, and if there are any questions, I will gladly answer them," he added.

Russia respects the US administration's position on the urgent need to end hostilities in Ukraine, Putin stated on Saturday.

"Of course, we respect the position of the US administration, which sees the need for an immediate cessation of hostilities. And we also want this, we would like to move towards resolving all issues through peaceful means," he concluded during the meeting.

On Friday, Putin and Trump met in Anchorage, Alaska for a three-on-three format talks that lasted 2 hours and 45 minutes. In addition to the presidents, Russia was represented by Foreign Minister Sergey Lavrov and presidential aide Yury Ushakov, and the United States by Secretary of State Marco Rubio and Special Envoy Steve Witkoff.

Sputnik

307 killed as torrential rains wreak havoc in NW Pakistan



ISLAMABAD August 16

A total of 307 people were killed and scores of others injured in rain-related accidents in Pakistan's northwest Khyber Pakhtunkhwa (KP) province during the last 48 hours, the National Disaster Management Authority (NDMA) said on Saturday.

About 90.6 percent of the fatalities were caused by flash floods, while 6.4 percent resulted from roof collapse accidents, the NDMA said in a statement.

According to rescue organizations, torrential rains, flash floods, and lightning strikes have wreaked havoc in 11 districts of the province, leaving some missing and resulting in widespread destruction.

Widespread destruction has been reported, with dozens of people trapped under debris and many others swept away by floods. Rescue teams were working to recover the injured and retrieve bodies from the rubble, and the situation in the area remained urgent, Bilal Faizi, spokesperson for the State-run Rescue 1122 KP, told Xinhua.

According to the NDMA, 634 people were killed and 768 others injured in rain-related accidents across Pakistan since the inception of the monsoon season on June 26.

The NDMA said Khyber Pakhtunkhwa was the worst-hit, with 378 deaths, followed by 164 deaths in the eastern Punjab. In the southern Sindh and northern Gilgit-Baltistan, 28 and 24 people lost their lives, respectively, while the remaining 40 fatalities were reported from other provinces and Islamabad.

Xinhua

Iran's President to visit Armenia, Belarus

TEHRAN August 16

Iran's President Masoud Pezeshkian is scheduled to depart on Monday evening for a two-day tour to Armenia and Belarus.

The announcement was made by Mehdi Sanaei, political advisor to Iran's President, in a post on the social media platform X.

Sanaei said improving bilateral relations with Armenia and Belarus, especially in the trade area, and signing cooperation documents would be on the president's agenda during the visits, adding that the trips had been scheduled for late June but were postponed.

Pezeshkian's visit to Armenia is expected to take place as Armenia and Azerbaijan, which had been at loggerheads over the mountainous Nagorno-Karabakh region since 1988, signed on August 8 a peace agreement in Washington.

Included in the peace agreement is a deal to create a transit corridor across southern Armenia, with the project's exclusive development rights granted to the United States.

Iran has repeatedly voiced opposition to the transregional players' presence in the region and warned against any changes to the region's geopolitics and historical borders.

Xinhua

23 dead, 21 injured following heavy rains in Niger

NIAMEY August 16

Up to 23 people were killed and 21 others injured in the torrential rains across Niger this year, the commander of the national fire brigade group said at a press briefing on Thursday.

The rains also caused the collapse of 3,615 houses and displaced 5,855 households -- affecting a total of 42,559 people, Lieutenant-Colonel Ali Abdoul Azize added.

He reminded people to avoid crossing waterways during or after rainfall, blocking drainage passages, staying in potentially dangerous areas and occupying makeshift shelters.

In 2024, heavy rains in Niger resulted in 396 deaths, displaced 206,474 households -- affecting 1,526,653 people -- and destroyed 158,767 houses.

Xinhua

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

English Grammar in Use (Intermediate Level)

Unit 31

have to and must

Exercises

31.1 **Complete the sentences using** have/has/had to … . **Use the verbs in brackets.**

1 Robert can't come out with us this evening. He has to work late. (he / work)
2 'The bus was late this morning.' 'How long did you have to wait ?' (you / wait)
3 I don't have much time. .....in ten minutes. (I / go)
4 'I'm afraid I can't stay long.' 'What time .....?' (you / go)
5 Joe starts work at 5 am every day, which means .....at four. (he / get up)
6 We nearly missed the bus this morning. .....to catch it. (we / run)
7 Is Lisa usually free on Saturdays or .....? (she / work)
8 There was nobody to help me. .....everything by myself. (I / do)
9 How old .....to have a driving licence? (you / be)
10 There was a lot of noise from the street. .....the window. (we / close)
11 Was the exhibition free, or .....to go in? (you / pay)

31.2 **Complete the sentences using** have/has/had to **+ the verbs in the list. Some sentences are negative** (I don't have to … **etc.**):

ask **decide** **drive** **get up** **go** **make** **make** **pay** **show** **stand**

1 I'm not working tomorrow, so I don't have to get up early.
2 Steve didn't know how to change the settings on his phone. I had to show him.
3 Excuse me a moment – I .....a phone call. I won't be long.
4 You can let me know later what you want to do. You .....now.
5 I couldn't find the street I wanted. I .....somebody for directions.
6 This car park is free. You .....
7 A man was slightly injured in the accident, but he .....to hospital.
8 Jane has a senior position in the company. She .....important decisions.
9 The train was very full and there were no seats free. We .....all the way.
10 When Patrick starts his new job next month, he .....50 miles to work every day.

31.3 **In some of these sentences,** must **is wrong or unnatural. Correct the sentences where necessary.**

1 It's later than I thought. I must go. — OK (I have to go is also correct)
2 I must start work every day at 8.30. — I have to start work
3 I must remember to call Sarah tomorrow. — .....
4 I couldn't get a taxi last night. I must walk home. — .....
5 You must come and see us again soon. — .....
6 Tom isn't going out this evening. He must study for his exam. — .....
7 We can't go the usual way because the road is closed. We must go another way. — .....
8 Julia wears glasses. She must wear glasses since she was very young. — .....

31.4 **Complete the sentences with** mustn't, don't have to **or** doesn't have to.

1 I don't want anyone to know about our plan. You mustn't tell anyone.
2 Richard doesn't have to wear a suit to work, but he usually does.
3 There's a lift in the building, so we..... climb the stairs.
4 I promised Kate I'd call her tomorrow. I .....forget.
5 I'm not very busy. I have a few things to do, but I .....do them now.
6 Sophie likes weekends because she .....get up early.
7 You .....be a good player to enjoy a game of tennis.
8 You should keep trying to find a job. You .....give up.
9 I.....eat too much. I'm supposed to be on a diet.
10 We have plenty of time before our flight. We .....check in yet.

→ **Additional exercise 16** (page 311)

မြင်းကောင်ရေ ၃၀၀၀ ကျော်အားနဲ့ အားလုံးကိုကျော်တက်မယ့် BYD ရဲ့ U9 အသစ်



မြင်းကောင်ရေဆိုတာ အင်ဂျင်တစ်လုံးက စွမ်းအင်ပမာဏ ဘယ်လောက်ထုတ်ပေးတယ်ဆိုတာကို တိုင်းတာတဲ့စံနှုန်းတစ်မျိုးဖြစ်ပါတယ်။ မြင်းကောင်ရေအားများလေ အင်ဂျင်ရဲ့စွမ်းဆောင်မှုအားများလေဆိုတဲ့ သဘောမျိုးပေါ့။ လူငယ်ပိုင်းတွေနဲ့လူလတ်ပိုင်းအမျိုးသားတွေမှာ ထုတ်ဖော်ပြလေ့မရှိပေမယ့်လည်း တူညီတဲ့နှစ်ခြိုက်မှုတစ်ခုတော့ရှိပါတယ်။ အဲဒါကတော့ ပြိုင်ကားပါပဲ။ ပြိုင်ကားကောင်းကောင်းလေးတစ်စီးတွေ့ရင် ငေးကြည့်မိတတ်ကြတာ အမျိုးသားတိုင်းလိုလိုပါ။ အဲဒီပြိုင်ကားတွေမှာ အဓိကအားဖြင့်မြင်းကောင်ရေက အင်မတန်စကားပြောပါတယ်။ မြင်းကောင်ရေပမာဏနဲ့ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး ပြိုင်ကားတွေပြိုင်တဲ့အခါ အနိုင်ရကြတာမျိုးမဟုတ်လား။

လက်ရှိမှာ ကမ္ဘာ့စွမ်းဆောင်ရည်အမြင့်ဆုံးပြိုင်ကားဖြစ်တဲ့ Devel Sixteen Engine Dyno ကမြင်းကောင်ရေအား ၄၅၁၅ ကောင်နှုန်းနဲ့ရပ်တည်နေတာဖြစ်ပါတယ်။ သူ့ရဲ့နောက်မှာတော့ Dagger GT က မြင်းကောင်ရေအား ၂၀၂၈ ကောင်အားနဲ့ပါ။ အဲဒီကားတွေအားလုံးက ရုပ်ကြွင်းလောင်စာသုံးအင်ဂျင်တွေတပ်ဆင်ထားတာဖြစ်ပါတယ်။ အခုဆိုရင် ကမ္ဘာ့အဆင့် ၁ ကိုမမီပေမယ့် လက်ရှိထုတ်လုပ်ပြီးသား လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားတွေကိုကျော်တက်မယ့် ကားတစ်စီးကထွက်ပေါ်လာတော့မှာဖြစ်ပါတယ်။ အဲဒီကားကိုထုတ်လုပ်မယ့်သူက တရုတ်နိုင်ငံရဲ့အကြီးဆုံးဖြစ်ရုံသာမက ကမ္ဘာပေါ်မှာပါ လျှပ်စစ်ကားအစီးရေအများဆုံးရောင်းချထားရတဲ့ BYD ကုမ္ပဏီပါပဲ။

BYD ကုမ္ပဏီက Yangwang U9 ဆိုတဲ့အမျိုးအစားကားကိုထုတ်လုပ်ထားပြီးပါပြီ။ အဲဒီကားက လျှပ်စစ်စွမ်းအင်သုံးပြိုင်ကားဖြစ်ပြီး တကယ့်ကို နာမည်ကြီးတဲ့ပြိုင်ကားအမျိုးအစားအဖြစ်ရပ်တည်နေတာပါ။ အခု အဲဒီကားကို အဆင့်မြှင့်တင်ကာ တခြားအမျိုးအစားခွဲတစ်ခုအနေနဲ့ ပြောင်းလဲထုတ်လုပ်တော့မှာဖြစ်ပါတယ်။ ပြောင်းလဲထုတ်လုပ်သွားမယ့်အမျိုးအစားက Yangwang U9 'Track Edition' ဖြစ်ပါတယ်။ စိတ်ဝင်စားဖို့ကောင်းတဲ့အချက်က သူ့မှာမြင်းကောင်ရေ ၃၀၁၉ ကောင်အားနဲ့ညီမျှတဲ့ မော်တာတွေပါဝင်လာခြင်းပဲဖြစ်ပါတယ်။ ဒီဓိုင်းပိုင်းမှာဆိုရင်လည်း လေခွင်းအားပိုမိုကောင်းမွန်စေဖို့နဲ့ အရှိန်နှုန်းမြင့်နဲ့မောင်းချိန်မှာ ပိုမိုတည်ငြိမ်မှုရှိစေဖို့အတွက် အဆင့်မြှင့်တင်မှုတွေလုပ်ထားတာတွေ့ရပါတယ်။ ဒါ့အပြင် ဘရိတ်တွေကိုလည်းအကြီးစားတပ်ဆင်ပေးထားပါတယ်။

Yangwang U9 မှာ မြင်းကောင်ရေ ၁၃၀၀ အားနဲ့ညီမျှတဲ့ မော်တာလေးလုံးတပ်ဆင်ပေးထားတာဖြစ်ပါတယ်။ ဒါကြောင့်မော်တာတစ်လုံးရဲ့စွမ်းအင်ထွက်ရှိမှုက ၂၄၂ ဒသမ ၅ ကီလိုဝပ်ရှိပါတယ်။ Yangwang U9 'Track Edition' မှာတော့ မော်တာတစ်လုံးစီက ၅၅၅ ကီလိုဝပ်ရှိမှာဖြစ်ပြီး မော်တာလေးလုံးပေါင်းလိုက်ရင် ကီလိုဝပ် ၂၂၂၀ အထိထွက်ရှိစေမှာပါ။ ဒါက မြင်းကောင်ရေအား ၃၀၀၀ ကျော်နဲ့ညီမျှပါတယ်။

Yangwang U9 'Track Edition' နဲ့ပတ်သက်လို့ တခြားအသေးစိတ်အချက်အလက်တွေတော့ ထွက်ပေါ်လာခြင်းမရှိသေးပါဘူး။ ဥပမာ အားတစ်ခါသွင်းပြီးရင်မောင်းနိုင်တဲ့ခရီးအကွာအဝေး၊ အားသွင်းရန်ကြာချိန်၊ ကီလိုမီတာ ၁၀၀ နှုန်းကို ဘယ်လောက်စက္ကန့်အတွင်းရောက်နိုင်တာ စတဲ့အချက်အလက်တွေကိုတော့ ထုတ်ဖော်ပြောထားတာမတွေ့ရသေးပါဘူး။ အဲဒီထဲမှာ ကျသင့်ဈေးနှုန်းလည်းအပါအဝင်ဖြစ်ပါတယ်။

Ref: IE

ကိုထက်

အားတစ်ခါသွင်းပြီး အဝေးဆုံးမောင်းနိုင်တဲ့ SUV အဖြစ် ဂင်းနစ်မှတ်တမ်းဝင်တဲ့ Polestar 3



Polestar 3 ဆိုတာ Polstar ကုမ္ပဏီကနေထုတ်လုပ်တဲ့ လျှပ်စစ်စွမ်းအင်သုံး SUV အမျိုးအစားကားတစ်စီးဖြစ်ပါတယ်။ အခုတော့ အဲဒီ SUV က ကမ္ဘာ့မှတ်တမ်းတင်စနစ်တစ်ခုဖြစ်တဲ့ ဂင်းနစ်မှတ်တမ်းကိုဝင်သွားပါပြီ။ ဂင်းနစ်မှတ်တမ်းဝင်ရတဲ့အကြောင်းရင်းက Polestar 3 ဟာ တစ်ကြိမ်အားအပြည့်သွင်းရုံနဲ့ ခရီးအဝေးဆုံးသွားနိုင်ခြင်းကြောင့်ဖြစ်ပါတယ်။ ဒါကြောင့် Polestar 3 က တစ်ကြိမ်အားသွင်းရုံနဲ့ ခရီးအဝေးဆုံးသွားနိုင်တဲ့ လျှပ်စစ်စွမ်းအင်သုံး SUV အဖြစ် ဂင်းနစ်မှတ်တမ်းဝင်သွားတာပါ။

ရုပ်ကြွင်းလောင်စာစွမ်းအင်သုံး သမားရိုးကျအင်ဂျင်တပ်ကားတွေကနေ လျှပ်စစ်စွမ်းအင်သုံးကားတွေကိုပြောင်းလဲအသုံးပြုလာကြတဲ့အခါ စိတ်ရှုပ်ထွေးစရာကောင်းတဲ့အချက်တစ်ခုက လျှပ်စစ်ကားတွေဟာ သမားရိုးကျကားတွေလိုမျိုး သွားချင်တဲ့ခရီးအကွာအဝေးကိုမရောက်မှာမျိုး စိုးရိမ်ပူပန်ရခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ဘက်ထရီတွေကိုအားသွင်းရတဲ့ကြာမြင့်ချိန်ကလည်း သမားရိုးကျကားတွေမှာ ဆီထည့်တဲ့အချိန်ထက် ပိုမိုကြာမြင့်နေခြင်းလည်းပါဝင်ပါတယ်။

ဒါပေမဲ့ အခုအချိန်မှာတော့ ဘက်ထရီနည်းပညာတွေမြင့်မားလာတာနဲ့အမျှ လျှပ်စစ်စွမ်းအင်သုံးကားတွေမှာ တစ်ကြိမ်အားသွင်းရုံနဲ့ရောက်ရှိနိုင်တဲ့ ခရီးအကွာအဝေးလည်းများလာပါတယ်။ အားသွင်းရတဲ့ကြာမြင့်ချိန်ကလည်း တိုတောင်းလာတာတွေ့ရပါတယ်။ အခုဆိုရင် Polestar 3 က တစ်ကြိမ်အားသွင်းပြီး မိုင်ပေါင်း ၅၈၁ ဒသမ ၃ မိုင်ကိုခရီးနှင်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီလိုအရည်အသွေးမျိုးရရှိနိုင်တဲ့ SUV တွေက ဘယ်မှာမှမရှိသေးပါဘူး။ ဒါကြောင့် Polestar 3 က ဂင်းနစ်စံချိန်တင်ခဲ့တာပါ။

သူထက်အရင် ဂင်းနစ်စံချိန်တင်ထားတဲ့ကားက Ford Mustang Mach-E ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဩဂုတ်လမှာ တစ်ကြိမ်အားသွင်းရုံနဲ့ ခရီးအကွာအဝေးမိုင်ပေါင်း ၅၆၉ ဒသမ ၆၄ ကိုမောင်းနှင်ထားနိုင်တာဖြစ်ပါတယ်။ အခုတော့ Polestar 3 က သူ့နေရာကိုရရှိသွားတာပါ။ Polestar 3 က ၁၀၇ ကီလိုဝပ်နာရီရှိတဲ့ဘက်ထရီကိုတပ်ဆင်ထားတာဖြစ်ပြီး သူ့အနေနဲ့ ဘက်ထရီအား ၂၀ ရာခိုင်နှုန်းကျန်နေသေးတယ်လို့ပြနေတဲ့အချိန်မှာ ၄၃၈ မိုင်အထိရောက်ရှိနေပြီး အားလုံး၀မရှိတော့ဘူးလို့ပြပြီးနောက် ၈ မိုင်အထိဆက်သွားနိုင်စွမ်းရှိတဲ့ မှတ်တိုင်သစ်တစ်ခုကို စိုက်ထူနိုင်ခဲ့တာပဲဖြစ်ပါတယ်။

Ref: IE

ကိုထက်

ရုရှားသမ္မတဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတဒေါနယ်ထရမ့်တို့ကြား တွေ့ဆုံဆွေးနွေးမှု သဘောတူညီချက်မရသော်လည်း တိုးတက်မှုများရရှိ

အန်ကာရေ၊ ချစ်ကြည်ရေး

ရုရှားသမ္မတဗလာဒီမာပူတင်နှင့်အမေရိကန်သမ္မတဒေါနယ်ထရမ့်တို့က ဩဂုတ်လ ၁၅ ရက်တွင် အမေရိကန်နိုင်ငံ အလက်စကာပြည်နယ် အန်ကာရေမြို့ရှိစစ်အခြေစိုက်စခန်းတစ်ခုဌ တွေ့ဆုံဆွေးနွေးမှုများလုပ်ဆောင်ရာ နှစ်နိုင်ငံခေါင်းဆောင်များကြား သဘောတူညီချက်တစ်စုံတစ်ရာမရရှိသော်လည်း နှစ်နိုင်ငံကြားဆက်ဆံရေးနှင့် ပတ်သက်၍ တိုးတက်မှုများရရှိခဲ့ကြောင်း သိရသည်။



ယခုဆွေးနွေးပွဲသို့ ဗလာဒီမာပူတင်တက်ရောက်မှုသည် ရုရှားနိုင်ငံ၏အကြီးအကဲတစ်ဦးအနေဖြင့် ဆယ်စုနှစ်တစ်ခုနီးပါးကြာပြီးမှ အမေရိကန်သို့သွားရောက်ခြင်းဖြစ်သကဲ့သို့ ၂၀၂၁ ခုနှစ်နောက်ပိုင်း နှစ်နိုင်ငံသမ္မတများကြား ပထမဆုံးမျက်နှာချင်းဆိုင်တွေ့ဆုံမှုလည်းဖြစ်သည်။

မူလက သမ္မတနှစ်ဦးတည်းတွေ့ဆုံဆွေးနွေးမည်ဟု ခန့်မှန်းထားသော်လည်း တကယ်တမ်းတွင် တစ်ဖက်သုံးဦးစီဖြင့် ဆွေးနွေးမှုကိုစတင်ခဲ့ခြင်းဖြစ်သည်။ ရုရှားကိုယ်စားလှယ်အဖွဲ့က သမ္မတအပြင် နိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ရော့၊ သမ္မတရုံးမှ တာဝန်ရှိသူ ယူရီယူရှာကော့တို့ တက်ရောက်ပြီး အမေရိကန်ကိုယ်စားလှယ်အဖွဲ့က ထရမ့်အပြင် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် သမ္မတ၏အထူးကိုယ်စားလှယ် စတိဝ်စ်ကော့တို့တက်ရောက်သည်။

ထို့နောက် နှစ်နိုင်ငံတာဝန်ရှိသူများက ဆွေးနွေးမှုများလုပ်ဆောင်မှုအပြီးတွင် ပူတင်နှင့်ထရမ့်တို့က ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ်ကျင်းပသည်။ ထိုသတင်းစာရှင်းလင်းပွဲတွင် ထရမ့်က ယခုဆွေးနွေးမှုသည် မည်သည့်တရားဝင်သဘောတူညီချက်မျှရရှိခြင်းမရှိသော်လည်း ကောင်းမွန်သောတိုးတက်မှုများရရှိပြီး အချက်အလက်များစွာနှင့်ပတ်သက်၍ အပြန်အလှန်နားလည်မှုများရရှိခဲ့ကြောင်းပြောသည်။

ယင်းနောက် ပူတင်က ယူကရိန်းနိုင်ငံအနေဖြင့် လုံခြုံရေးစိုးရိမ်မှုမရှိသင့်သည်ကိုသဘောတူကြောင်း၊ ယခုရရှိသည့် နားလည်မှုသည်ငြိမ်းချမ်းရေးဆီသို့ဦးတည်နိုင်စေမည်ဖြစ်ကြောင်း ပြောထားသည်။

ထို့ပြင် လက်ရှိဖြစ်ပျက်နေသောအရာအားလုံးသည် အဖြစ်ဆိုးတစ်ခုဖြစ်သည့်အပြင် ဆိုးရွားလှသည့်ဒဏ်ရာတစ်ခုလည်းဖြစ်ကြောင်းနှင့် ထိုအဖြစ်ဆိုးကြီးပြီးဆုံးစေရန် ရုရှားနိုင်ငံကစိတ်ရင်းဖြင့် အမှန်တကယ်ဆန္ဒရှိကြောင်း၊ ထို့ကြောင့် ပဋိပက္ခဖြစ်ပွားရသည့် အခြေခံအကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်းနှင့် ယူကရိန်းနိုင်ငံနှင့်ဥရောပရှိနိုင်ငံများအနေဖြင့် အခွင့်အရေးကိုအမိအရဆုပ်ကိုင်သင့်ကြောင်း ပူတင်ကဆက်ပြောထားသည်။

အလားတူ ယခုလုပ်ဆောင်သည့်ဆွေးနွေးမှုသည် ယူကရိန်းပဋိပက္ခကိုဖြေရှင်းရေးအတွက်သာမက ရုရှားနိုင်ငံနှင့်အမေရိကန်နိုင်ငံတို့ကြား လက်တွေ့ဆန်ကာအကျိုးရှိသောဆက်ဆံရေးကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် စမှတ်တစ်ခုဖြစ်ကြောင်း၊ ရုရှားနှင့်အမေရိကန်နိုင်ငံတို့ကြား ကုန်သွယ်ရေး၊ အဆင့်မြင့်နည်းပညာ၊ အာကာသလေ့လာရေးနှင့် အာတိတ်ဒေသဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းမှုများ လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ပူတင်ကပြောသည်။

ရုရှားနှင့်အမေရိကန်တာဝန်ရှိသူများကြား ဆွေးနွေးမှုသည် အချိန်အားဖြင့် သုံးနာရီကြာမြင့်ပြီး သတင်းစာရှင်းလင်းပွဲကို ၁၂ မိနစ်ကြာလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ပူတင်နှင့်ထရမ့်တို့သည် သတင်းထောက်များကို မေးခွန်းများမေးခွင့်မပြုခဲ့ကြောင်းသိရသည်။ ခေါင်းဆောင်နှစ်ဦးအနေဖြင့် အချိန်ကြာမြင့်စွာဆွေးနွေးမှုများလုပ်ဆောင်ထားကြောင်း၊ ၎င်းတို့ပြောသွားသည့်အချက်များသည်ဆွေးနွေးပွဲ၏အနှစ်ချုပ်များဖြစ်သောကြောင့် သတင်းထောက်များကို မေးခွန်းမေးခွင့်မပြုခြင်းဖြစ်ကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ကပြောသည်။

ထရမ့်က ပူတင်နှင့်ဆွေးနွေးပွဲအပြီး၌ Fox News သတင်းဌာနနှင့်အင်တာဗျူးလက်ခံဖြေကြားစဉ် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိရေးသည် ယူကရိန်းသမ္မတဇီလန်စကီအပေါ်တွင်သာ မူတည်တော့ကြောင်း၊ ရုရှားနှင့်ယူကရိန်းတို့ကြားနယ်မြေလဲလှယ်မှု၊ လုံခြုံရေးအာမခံမှုတို့နှင့်ပတ်သက်၍ ပူတင်နှင့်တွေ့ဆုံစဉ်ထည့်သွင်းဆွေးနွေးခဲ့ကြောင်းပြောသည်။ ထို့အတူ မကြာမီအချိန်တွင် ပူတင်၊ ဇီလန်စကီနှင့် ၎င်းကိုယ်တိုင်ပါဝင်သည့်ဆွေးနွေးပွဲတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း ထရမ့်ကအင်တာဗျူးတွင်ပြောထားသည်။

အမေရိကန်နိုင်ငံအနေဖြင့် ရုရှားအစိုးရအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ကို ဧည့်ဝတ်ကျေပွန်လွန်းစွာဧည့်ခံကြောင်း၊ အတိုက်အခံများရှိနေသည့်ကြားမှ နှစ်နိုင်ငံကြားဆက်ဆံရေးကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း ရုရှားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ အမှုဆောင်အရာရှိရုျပ်ကီရေးမီထရိုကပြောထားသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် ဆွေးနွေးမှုများ လုပ်ဆောင်ပြီးနောက် အလက်စကာပြည်နယ်မှ ကိုယ်စီပြန်လည်ထွက်ခွာသွားကြောင်းသိရသည်။**Ref: Xinhua**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ သဘာဝဘေးများကြောင့် ၄၈ နာရီအတွင်း သေဆုံးသူ ၃၀၇ ဦးအထိရှိ



အစ္စလာမ်မာဘတ်၊ သဘာဝဘေး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းရှိ ခိုင်ဘာပတ်တန်ခွာပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့်ဆက်စပ်ဖြစ်ပွားသည့် သဘာဝဘေးများကြောင့် ၄၈ နာရီအတွင်း လူပေါင်း ၃၀၇ ဦးသေဆုံးကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ဩဂုတ်လ ၁၆ ရက်တွင်ထုတ်ပြန်ထားသည်။

သေဆုံးသူများအနက် ၉၀ ဒသမ ၆ ရာခိုင်နှုန်းသည် ရုတ်တရက်ရေကြီးမှုကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၆ ဒသမ ၄ ရာခိုင်နှုန်းသည် ခေါင်မိုးများပြိုကျမှုကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

ပြည်နယ်အတွင်းရှိ ခရိုင် ၁၁ ခုတွင် မိုးများသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးမှုဖြစ်ပွားခြင်း၊ မိုးကြိုးပစ်ခြင်းများကြောင့် ပျောက်ဆုံးသူအများအပြားရှိနေကြောင်းနှင့် ပျက်စီးဆုံးရှုံးမှုများသည်လည်းကြီးမားကြောင်း ကယ်ဆယ်ရေးအဖွဲ့များကပြောသည်။

အဆိုပါပျက်စီးမှုများအောက်၌ ပိတ်မိနေသူများစွာရှိနေကြောင်း၊ အချို့ပျောက်ဆုံးသူများမှာ ရေစီးဖြင့်မျောပါသွားသူများဖြစ်ကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့များက ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေး၊ သေဆုံးသူများ၏ အလောင်းများကို ဆယ်ယူရေးလုပ်ငန်းများဦးစားပေးဆောင်ရွက်နေကြောင်းနှင့် မြေပြင်၌လက်ရှိအခြေအနေသည် အရေးပေါ်အခြေအနေဖြစ်ပေါ်နေကြောင်း ကယ်ဆယ်ရေးအဖွဲ့များ၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၌ မုတ်သုံစတင်ဝင်ရောက်သည့် ဇွန်လ ၂၆ ရက်မှစ၍ သဘာဝဘေးများကြောင့် နိုင်ငံတစ်ဝန်းတွင်သေဆုံးသူ ၆၃၄ ဦးနှင့် ဒဏ်ရာရရှိသူ ၇၆၈ ဦးရှိပြီဖြစ်ကြောင်း၊ ထိုသို့သေဆုံးသူများတွင် ခိုင်ဘာပတ်တန်ခွာပြည်နယ်က သေဆုံးသူ ၃၇၈ ဦးဖြင့် အများဆုံးဖြစ်ကြောင်း သိရသည်။

Ref: Xinhua

တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယီ သုံးနှစ်အတွင်း ပထမဆုံးအဖြစ် အိန္ဒိယသို့သွားမည်

ပေကျင်း၊ သံတမန်ရေး

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် သုံးနှစ်အတွင်းပထမဆုံးအဖြစ် အိန္ဒိယနိုင်ငံသို့သွား၍ နှစ်နိုင်ငံကြားနယ်စပ်ရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၆ ရက်တွင် အတည်ပြုထုတ်ပြန်ထားသည်။

ဝမ်ယီသည် ဩဂုတ်လ ၁၈ ရက်မှ ၂၀ ရက်အထိ အိန္ဒိယနိုင်ငံသို့သွားမည်ဖြစ်ပြီး အိန္ဒိယနိုင်ငံ၏ဖိတ်ကြားချက်အရ ၂၄ ကြိမ်မြောက် နယ်စပ်ရေးရာဆွေးနွေးပွဲသို့ အထူးကိုယ်စားလှယ်အဖွဲ့ကိုဦးဆောင်၍ တက်ရောက်မည်ဖြစ်သည်။ ဝမ်ယီအနေဖြင့် ၂၀၂၂ ခုနှစ် မတ်လ ၂၅ ရက်တွင် အိန္ဒိယနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီးကိုနောက်ဆုံးသွားရောက်ထားသည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အဓိကကျသော ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သည့်အပြင် နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်မှုသည် တစ်ဦး၏အောင်မြင်မှုကို တစ်ဦးကဆောင်ကြဉ်းပေးနိုင်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လင်ကျန်းက ပြီးခဲ့သည့်သီတင်းပတ်တွင် ပြောသည်။

ဩဂုတ်လ ၃၁ ရက်မှ စက်တင်ဘာလ ၁ ရက်အထိ တရုတ်နိုင်ငံ၌ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ထိပ်သီးညီလာခံတက်ရန် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက တရုတ်နိုင်ငံသို့မလာရောက်မီ ဝမ်ယီကအိန္ဒိယနိုင်ငံသို့သွားခြင်းဖြစ်သည်။

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ပြီးခဲ့သည့်နှစ်များအတွင်း နယ်စပ်ရေးရာပဋိပက္ခများနှင့်ပတ်သက်၍ တင်းမာမှုများရှိခဲ့သော်လည်း ယခုအချိန်တွင် အဆိုပါနှစ်နိုင်ငံကြား ဆက်ဆံရေးပြန်လည်နွေးထွေးလာပြီး နယ်စပ်ကုန်သွယ်ရေးများကိုပင်ပြန်လည်ဖွင့်လှစ်ရန်နှင့် နှစ်နိုင်ငံကြားတွင် တိုက်ရိုက်လေကြောင်းခရီးစဉ်များပြန်လည်ပြေးဆွဲရန် ဆွေးနွေးမှုများပင် လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

Ref: SCMP

ရုတ်တရက်လေမဖြတ်အောင် အစားရှောင်ဖို့လို

ဈေးဝယ်သူတစ်ဦး ဈေးဝယ်ရင်း မူးမေ့လဲကျပြီး အသက်သေဆုံးရသည့် သတင်းကြားရသည်။ ၎င်း၏မိသားစုဝင်တစ်ဦး၏ပြောပြချက်အရ ပုရစ်ကြော်စားပြီး အရက်သောက်ထားသည်ဟုဆိုသည်။ ထိုသူမှာ ရုတ်တရက်မူးလဲကျပြီးနောက် သေဆုံးခြင်းဖြစ်သည်။

ထိုသူသည် ရုတ်တရက်လေဖြတ်ပြီး အသက်ဆုံးရှုံးရခြင်းဖြစ်နိုင်သည်။ အစားအသောက်နှင့်အနေအထိုင် မသင့်လျော်သောအကြောင်းများကြောင့် အသက်ဆုံးရှုံးရခြင်းဖြစ်သည်။

ပုရစ်သည် လူအများစုကြိုက်တတ်သောအစာဖြစ်သည်။ မိုးဦးကျတွင်ပေါ်သောပုရစ်သည် စား၍မကောင်း၊ ဗိုက်နာတတ်ပြီး သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ မိုးလွတ်မှပေါ်သောပုရစ်သည် စားကောင်းသည်ဟု လူကြီးများကပြောကြသည်။ ပုရစ်သည် တွင်းအောင်းသတ္တဝါဖြစ်၍ မိုးကျချိန်ပေါ်သောပုရစ်များသည် တွင်းထဲရေဝင်သဖြင့် အချိန်အခါမကျ၊ ဥမချရသေးဘဲ တိုးထွက်လာသောပုရစ်အမများ ပါဝင်သည်။ ဥမချရသေးသောပုရစ်များကို မစားသင့်ပေ။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တတ်သည်။

တွင်းအောင်းသတ္တဝါမှန်သမျှသည် သွေးအေးသတ္တဝါများဖြစ်သည်။ ပုရစ်၊ မြွေ၊ ဖား၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဒီပိုး၊ မြေအောင်းပိုးနှင့် ဥမှန်သမျှသည် အအေးစာများဖြစ်ကြသည်။ အအေးစာမှန်သမျှသည် အစာကြေခဲပြီး အဆီတိုးကာ သွေးတက်စေနိုင်သောသတ္တိရှိသည်။ ထိုအထဲတွင် ပုရစ်သည် ခုန်ပျံနိုင်သောသတ္တဝါဖြစ်သဖြင့် ပိုပြီးသွေးတိုးစေနိုင်သည်။ ပုရစ်စားပြီး အခန့်မသင့်လျှင် ဝမ်းလျှောခြင်းနှင့် ဝမ်းပျက်ခြင်းများဖြစ်နိုင်သဖြင့် ပုရစ်သည် လေစာဟုလည်းဆိုနိုင်သည်။ စာရေးသူ၏မိတ်ဆွေဆရာဝန်ကြီးတစ်ဦးသည် ပုရစ်ကြိုက်သဖြင့် ဈေးမှဝယ်ပြီး မိမိအိမ်တွင် ဆီသန့်ဖြင့် ကြော်စားသည်။ နောက်တစ်ရက်တွင် ဝမ်းလျှောသဖြင့် အရေးပေါ်ဆေးရုံတက်ပြီး ကုသရသည်။ ပုရစ်တွင် ဝမ်းလျှောစေသောအီကိုလိုင်ပိုးများစွာပါဝင်နေသဖြင့် ဝမ်းလျှောရခြင်းဖြစ်သည်။

အနောက်တိုင်းဆေးပညာရှင်များ ဓာတ်ခွဲတွေ့ရှိချက်အရ ဝမ်းပျက်၊ ဝမ်းလျှောစေသည့် အီကိုလိုင်ပိုးသည် အမျိုးပေါင်းများစွာရှိသည်ဟုဆိုသည်။ သီးနှံစိုက်ခင်းများ၊ မြက်ခင်းပြင်များပေါ်၌ တိရစ္ဆာန်များမစင်စွန့်ခြင်း၊ ဖြတ်သန်းသွားလာခြင်းများကြောင့် အဆိုပါပိုးများ ပျံ့နှံ့ပြီး ဟင်းသီးဟင်းရွက်များ ခူးဆွတ်သောအခါ ကပ်ငြိပါလာတတ်သည်။ မြေအောင်းသောပုရစ်၏ အစာအိမ်နှင့်အူလမ်းကြောင်းတွင် ထိုပိုးများ၊ မျိုးဥများပါလာလေ့ရှိသည်။ အစားအသောက်ကို သန့်စင်အောင် ရေဆေးသော်လည်း အတွင်းတွင်ကပ်ငြိပါလာသေ ဥမွှားများမှာ မသေသေးသဖြင့် ဝမ်းပိုက်အတွင်းသို့ရောက်ပြီးမှ ပေါက်ပွားကာ ဝမ်းပျက်၊ ဝမ်းလျှောခြင်း၊ အထက်လှန်အောက်လျှောဖြစ်ခြင်းတို့ ဖြစ်တတ်သည်။ အခန့်မသင့်လျှင် အသက်သေဆုံးသည်အထိ ဖြစ်နိုင်သည်။

ပုရစ်စားခြင်းကြောင့် လေဖြတ်နိုင်သည်ဟုမဆိုနိုင်သော်လည်း ပုရစ်ကြော်စားပြီး သွေးတက်သူ၊ မျက်စိများနီရဲလာပြီး မျက်ခွံနှင့်မျက်လုံးအိမ်ရောင်လာသူ၊ မျက်နှာအနီးလာသူများစွာတွေ့ဖူးသည်။ မျက်စိများအတွင်းမှ သွေးကြောများနီရဲပြီး ရောင်လာခြင်းမှာလည်း သွေးတက်သောလက္ခဏာဖြစ်သည်။

"အသက် ၅၀ အောက်အရွယ် လေဖြတ်သူများရှိသော်လည်း လေ့လာမှုများအရ အသက် ၅၀ ကျော် အမျိုးသားများ လေဖြတ်နိုင်ခြေပိုများသည်။ ထိုသူများ၏ ရာခိုင်နှုန်းထက်ဝက် ကျော်မှာလည်း အရက်ကို အနည်းနှင့်အများသောက်သူများဖြစ်သည်။ တချို့မှာ အရက်ကို တစ်ခါတစ်ရံသောက်ရာမှ လေဖြတ်သူများရှိကြသည်။ အရက်နှင့်အစားအသောက်အတွဲများပြီး တစ်ကြိမ်တည်းဖြင့် လေဖြတ်သူများလည်းရှိသည်..."

ဝါယော ခေါ် လေဓာတ်ကို ထင်ဟပ်စေသောအစာမှန်သမျှ သွေးတိုးစေနိုင်သည်။ ခွေးတောက်ရွက်၊ တမာရွက်၊ ကြောင်လျှာသီး၊ ကြက်ဟင်းခါးသီး စသည်တို့သည် အခါးဓာတ်ပါသောလေစာများဖြစ်သည်။ ကင်းပုံသီး၊ ပုံလုံသီး၊ ခဝဲသီး၊ သခွားသီး၊ ဂေါ်ရခါးသီး စသည်တို့သည် အချိုဓာတ်ပါသောလေစာများဖြစ်သည်။ စားပြီးလျှင် ထိုက်သင့်သလောက် လေပွလာသောကြောင့်ဖြစ်သည်။ အခန့်မသင့်လျှင် လေပွပြီး သွေးပေါင်တက်လာနိုင်သည်။ ရှေးတိုင်းရင်းဆေးဆရာကြီးများ၏အယူအဆမှာ သွေးတိုးသည် လေတိုးနှင့်အတူတူပင်ဖြစ်သည်။

ပုရစ်၊ ဖား၊ ငါးရှဉ့်၊ ငါးမြွေထိုး စသောတွင်းအောင်းစာများမှာ အခါးလည်းမဟုတ်၊ အချိုလည်းမဟုတ်၊ အဆီများသောပထဝီဓာတ်နှင့် လေပွစေသော ဝါယောဓာတ်ပျက်ပေါင်းစပ်ထားသောအစာမျိုးဖြစ်သည်။ ပထဝီနှင့် ဝါယောဓာတ်တွေ့လျှင် အိပ်ချင်ငိုက်မျဉ်းနေသော်လည်း အိပ်မပျော်ဘဲ ဖြစ်နေတတ်သည်။ လူကသာ ခေါင်းမထောင်နိုင်သော်လည်း အိပ်မပျော်ဘဲ ဖြစ်နေတတ်သည်။ ဓာတ်ဆရာကြီးများက ပထဝီဓာတ်လွန်ကဲသောတက်စာများကို ကြေကျွက်စေရန် အပူအစပ်ဖြစ်သောချင်းတက်နှင့် ငရုတ်သီးထည့်ချက်လေ့ရှိသည်။ အပူအစပ်ထည့်ချက်သဖြင့် အစာကြေစေနိုင်သည်။ အကြောတက်သက်သာစေနိုင်သည်။

အရက်သည် လေပူထစေသောကြောင့် အစာမရှိဘဲ မသောက်သင့်ပေ။ လေပူထပြီး သွေးတိုးလျှင် အစာမရှိသောကြောင့် ပို၍မူးစေသည်။ သတိလက်လွတ်ဖြစ်နိုင်သည်။ အူသိမ်မှစုပ်ယူသောအရက်သည် ဦးနှောက်သွေးကြောပေါက်သည်အထိဖြစ်နိုင်သည်။

အရက်သောက်သူများသည် ပူသောရာသီတွင် နှစ်ပက်ထက် ပိုမသောက်သင့်။ အေးသောရာသီတွင်လည်း သုံးပက်ထက် ပိုမသောက်သင့်။ သောက်လျှင် အသည်းကို ဒုက္ခပေးနိုင်သည်။

အသက် ၅၀ ကျော်သူများ အရက်ကို လုံးဝရှောင်ကြဉ်ရမည်။ အသက် ၅၀ ကျော်လာပြီးနောက် အောက်ပါအချက်များနှင့် ကိုက်ညီနေလျှင် လေဖြတ်နိုင်သည်။

ခန္ဓာကိုယ်ဝပြီး ဗိုက်ရွှဲလာခြင်း၊ မျက်စိအားနည်းလာပြီး ဇက်ကြောထိုးလာခြင်း၊ ခေါင်းအုံပြီး မျက်စိသွေးကြောများနီခြင်း၊ အစာမကြေရင်ပြည့်ရင်ကယ် မကြာခဏဖြစ်ခြင်း၊ လေပွပြီး ဝမ်းချုပ်ခြင်း၊ အစားမှားတိုင်း သွေးတိုးလာခြင်း၊ ဆီးချို၊ သွေးတိုးမျိုးရိုးရှိခြင်း၊ ညအိပ်လျှင် ဟောက်ခြင်း၊ ဆတ်ခနဲ အကြောများလှုပ်ခြင်း၊ လန့်နိုးခြင်းတို့ဖြစ်လျှင် လေဖြတ်နိုင်သည်။

အသက် ၅၀ အောက်အရွယ် လေဖြတ်သူများရှိသော်လည်း လေ့လာမှုများအရ အသက် ၅၀ ကျော်အမျိုးသားများ လေဖြတ်နိုင်ခြေပိုများသည်။ ထိုသူများ၏ ရာခိုင်နှုန်းထက်ဝက်ကျော်မှာလည်း အရက်ကို အနည်းနှင့်အများသောက်သူများဖြစ်သည်။ တချို့မှာ အရက်ကို တစ်ခါတစ်ရံသောက်ရာမှ လေဖြတ်သူများရှိကြသည်။ အရက်နှင့်အစားအသောက်အတွဲများပြီး တစ်ကြိမ်တည်းဖြင့် လေဖြတ်သူများလည်းရှိသည်။

- ပုရစ်ကြော်နှင့် အရက်သောက်ပြီး လေဖြတ်သူ။
- ကြက်ဟင်းခါးသီးနှင့် ဝက်သားစားကာ အရက်သောက်ပြီး လေဖြတ်သူ။
- မျှစ်ချဉ်နှင့်ကြက်ဟင်းခါးသီးစားကာ အရက်သောက်ပြီး လေဖြတ်သူ။
- ခွေးတောက်ရွက်နှင့် ကြက်ရိုးဟင်းစားကာ အရက်သောက်ပြီး လေဖြတ်သူ။
- ကင်းပုံသီးချက်နှင့် ငုံးကြော်စားကာ အရက်သောက်ပြီး လေဖြတ်သူ။
- လယ်ကြွက်ကြော်နှင့် အရက်သောက်ပြီး လေဖြတ်သူ။
- ဖားသားနှင့် မြွေသားစားပြီး အရက်သောက်ပြီး လေဖြတ်သူ

စသည်ဖြင့် အစားအသောက်နှင့်အရက် အတွဲများပြီး လေဖြတ်သူများရှိသည်။ တချို့မှာ ဦးနှောက်သွေးကြောပြတ်၊ လေသင်တုန်းဖြတ်ပြီး အသက်ဆုံးရှုံးသူများရှိသည်။ အဆီအအိမ့်၊ အချိုဓာတ်များသော အစားအစာများကို နှစ်ရှည်လများစားသောက်ပြီး တဖြည်းဖြည်း နှလုံးသွေးကြောတွင် အဆီများပိတ်ရာမှ လေဖြတ်သူများရှိသကဲ့သို့ ရုတ်တရက်တစ်နေ့တာ အစားအသောက်မှား၊ အနေအထိုင်မှားကြောင့် လေဖြတ်သူများလည်းရှိသည့်အတွက် သတိပြုဆင်ခြင်နိုင်ရန် သတိပေးရေးသားလိုက်ရပါသည်။ ။

ကြည်လွင်မြင့်(မုဒြာ)

ပန်းတနော်မြို့နယ် လူထုအခြေပြုဇဟိုဌာန၌ စာဖတ်ရှုန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေး

ပန်းတနော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဇဟိုဌာန ရွှေနော်သီရိခန်းမ၌ ဩဂုတ်လ ၁၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတများ တိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာစကားပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူငယ်အချင်းချင်း ဗဟုသုတများ အပြန်အလှန်ဖလှယ်ဆွေးနွေးကြရာမှ အတွေ့အကြုံသစ်များရရှိစေရန်၊ လူငယ်အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါး အန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်နှင့် လူငယ်နှင့်စာပေဖတ်ရှုခြင်း ခေါင်းစဉ်တို့ဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကိုမေးမြန်းကြရာ ပါဝင်ဆွေးနွေးကြသော ကျောင်းသား၊ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင် ကြကြောင်း သိရသည်။



များကို စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှု

ချမ်းမြေ

လျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းနှင့်ကျောက်ဆည်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး သြဂုတ် ၁၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တပ်ကုန်းနှင့် ကျောက်ဆည်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့ရှိ ဦးအောင်ဇေယျာဘုရားသို့ ရောက်ရှိပြီး ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ရှေးမူလက်ရာမပျက် စနစ်တကျ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်၊ နောင်ဖြစ်ပေါ်လာနိုင်သည့် လျင်ဒဏ်ခံနိုင်အောင် ကြိုတင်အားဖြည့်စနစ်များပါထည့်သွင်းဆောင်ရွက်ရန်မှာကြားပြီး ဓာတ်တော်၊ စေတီတော်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ရှိ ကျောက်သေတ္တာစေတီခိုင်ခံစွာဆက်လက်တည်မြဲစေရေးအတွက် ပြန်လည်ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အနော်ရထာမင်းကြီးတည်ထားခဲ့သည့်ဆည်တော်နံ ရွှေမုဋ္ဌောစေတီကြီး ပရဝဏ်အတွင်းရှိ စေတီ၊ ပုထိုးများ လျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုအခြေအနေများကိုလည်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များကို ရွှေမုဋ္ဌောစေတီတော် သြဝါဒါစရိယဆရာတော်ကြီးများဦးဆောင်၍ အလယ်ဌာပနာတော် သွင်းလှူပူဇော်သည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စေတီတော်မြတ်ကြီးကို သက္ကရာဇ် ၃၉၅ ခုနှစ်တွင် အနော်ရထာမင်းကြီးက တည်ထားပူဇော်ပြီး သမိုင်းကြောင်းထင်ရှားသည့် စေတီတစ်ဆူဖြစ်သည့်အတွက် မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ နောင်လျင်ဒဏ်ခံနိုင်ရန်အတွက် ကြိုတင်အားဖြည့်စနစ်များ အတွင်းတွင် ထည့်သွင်းတည်ဆောက်သွားရန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းထုတ်ပြန်ထားသော SoP အတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်



မော်လမြိုင် သြဂုတ် ၁၆

မော်လမြိုင်မြို့ သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်များကင်းရှင်းရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ခြင်၊ ယင်၊ ပိုးလောက်လမ်းများ မပေါက်ပွားနိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ မပွန်ရပ်ကွက်နယ်မြေခံသင်တန်းကျောင်း အရှေ့မျက်နှာစာနှင့်အဝင်လမ်းဘေးဝဲ/ယာ ပတ်ဝန်းကျင်၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက ချူ၊ နွယ်၊ မြက်၊ ရေမြောင်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို မွန်ပြည်နယ်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က သွားရောက်ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ကျင်းပသည့် ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားသို့တက်ရောက်ရာ ဦးစွာ ကရင်ရိုးရာအကအဖွဲ့က ဖျော်ဖြေတင်ဆက်ကြပြီး မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းနာယကဆရာတော်ကသြဝါဒကထာမြွက်ကြား၍ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းအတွက် အလှူငွေကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းခဲ့ရာ ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းတာဝန်ရှိသူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြကာ ချည်ဖြူဖွဲ့မင်္ဂလာပွဲ ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချည်ဖြူဖွဲ့မင်္ဂလာပွဲတွင် ပါဝင်သော ပစ္စည်းခုနစ်မျိုး၏အဓိပ္ပာယ်အား ရှင်းလင်းပြောကြားပြီး ချည်ဖြူဖွဲ့မင်္ဂလာပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ စောအောင်ကျော်သိန်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အခမ်းအနားသို့တက်ရောက်လာကြသူများက ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ပါဝင်ဆင်နွှဲကြသည်။ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော် (ကရင်ရိုးရာဝါခေါင်လ လက်ချည်ပွဲ)တွင် ကွဲကွာနေသည့်မိသားစုဝင်များ၊ မောင်နှမများ၊ ဆွေမျိုးများပြန်လည်ဆုံတွေ့ကာ အချင်းချင်းချစ်ကြည်သွေးစည်းမှု ခိုင်မြဲရေးအတွက်နှင့် လူကြီးသူမများမှ လူငယ်လူရွယ်များကို ဆုံးမစကားပြောကြားနိုင်ရေးအတွက် အဓိကရည်ရွယ်ပြီး ကျင်းပကြခြင်းဖြစ်ကြောင်းနှင့် ချည်ဖြူဖွဲ့ခြင်းဆိုသည်မှာ လက်ကိုချည်ဖြူဖြင့် ဖွဲ့နှောင်ရစ်ပတ်ချည်နှောင်ကြခြင်းဖြစ်သည်။

ဆက်လက်၍ မော်လမြိုင်မြို့ ရွှေတောင်ကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိမလ မဟာထေရ်မြတ်၏သက်တော် ၆၇ နှစ်ပြည့် ဝိဇာတမွေးနေ့ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ကာ ဆရာတော်အရှင်သူမြတ်အား ဖူးမြော်ကြည်ညိုး၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ သြဂုတ်လ ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာစုစုပေါင်း ၂၄ ဦးတို့ကို ၄င်းဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၉ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၉ ဦးအား ၄င်းဖျားရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၅၂ ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့်ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၉ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

(၁၀၀)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် သြဂုတ် ၁၆

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

မင်းလှမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲကျင်းပ

မင်းလှ ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဩဂုတ်လ ၁၅ ရက်က မင်းလှအခြေခံပညာအထက်တန်းကျောင်း(မင်းလက်ဝါး)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ (သွားကျန်းမာ) ဒေါက်တာနုယဉ်ခင်က စာစီစာကုံးပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ဆုရွေးချယ်အမှတ်ပေးမှုများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် ပူးတွဲတတိယဆု၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲကို အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဝင်းမြတ်(အထက်မင်းလှ)**



ဒိုက်ဦးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်လှစ်



ဒိုက်ဦး ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၆ ရက်တွင် အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ ဒိုက်ဦးမြို့ နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွဋ်မြတ်တို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်မြင့်ထွန်းက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီးနောက် သင်တန်းနည်းပြဆရာက သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးဆက်နိုင်ထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းသို့ ဒိုက်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ၂၀ ဦး တက်ရောက်သင်ကြားကြကြောင်း၊ သင်တန်းကို ကျွမ်းကျင်နည်းပြဆရာက ဩဂုတ်လ ၂၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

မြိတ်မြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၅) ဆင်း

မြိတ် ဩဂုတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းအမှတ်စဉ် (၂/၂၀၂၅) ဆင်းပွဲကို ဩဂုတ်လ ၁၅ ရက်က မြိတ်ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမျိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၅၀ ဦး တက်ရောက်ခဲ့ကြသည်။

ယင်းသင်တန်းကို မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြမည့် လူမှုရေးအသင်းအဖွဲ့ဝင်များအနေဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သော အခြေခံသဘောတရားများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းစနစ်များ၊ အထွေထွေဗဟုသုတများရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာဗဟုသုတများ၊ ကျန်းမာရေးဆိုင်ရာဗဟုသုတများ၊ မိုးလေဝသဆိုင်ရာဗဟုသုတများ၊ ရှေးဦးသူနာပြုစုနည်းများ၊ အခြေခံကြိုးချည်နည်း၊ ကြိုးအသုံးပြုကယ်ဆယ်နည်း၊ ခေတ်မီကယ်ဆယ်ရေးပစ္စည်းများအသုံးပြုနည်း၊ အသက်ရှူကိရိယာအသုံးပြုနည်း၊ အမှောင်ထုအတွင်းသွားလာမှုစနစ်၊ ရေတွင်းအသက်ကယ်နည်းစနစ်၊ ပြိုကျပျက်စီးနေသောအဆောက်အအုံ၌ကယ်ဆယ်ရေးစနစ်၊ ယာဉ်မတော်တဆမှုများ ကယ်ဆယ်ရေးနည်းစနစ်၊ အခြေခံအသက်ကယ်ဆယ်ရေးအထောက်အပံ့နှင့် လူနာသယ်ဆောင်နည်းစနစ်များ စသည့် သင်ခန်းစာများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။



ခိုင်ထူး(ပြန်/ဆက်)

တောင်ကြီးမြို့နယ် ဘုရားနီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများထုတ်ချေး

တောင်ကြီး ဩဂုတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ဘုရားနီကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးခြင်းကို ဩဂုတ်လ ၁၅ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ဘုရားနီကျေးရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ယခင်ကထက် တိုးချဲ့လုပ်ကိုင်နိုင်ရန်၊ လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဘုရားနီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၈၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၅၆ သိန်းအား တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

လွိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု ကယားပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



လွိုင်ကော် ဩဂုတ် ၁၆

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်တက္ကသိုလ်ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်း နယ်မြေခံတပ်ရင်း၊ တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တက္ကသိုလ်စာကြည့်တိုက်၊ ဒုတိယပါမောက္ခချုပ်နေအိမ်များ၊ ပါမောက္ခ နေအိမ်များနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ပြီးစီးမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန်၊ သောက်သုံးရေရရှိရေးနှင့် လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများဆောင်ရွက်ရန်နှင့် လုပ်ငန်းအရည်အသွေးစစ်ဆေးမှုများ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် တက္ကသိုလ်အုတ်တံတိုင်း ခြံစည်းရိုးတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တက္ကသိုလ်နယ်မြေစိမ်းလန်းသာယာလှပရေး အရိပ်ရပင်များနှင့် ပန်းအလှပင်များ စနစ်တကျစိုက်ပျိုးရန်နှင့် ရှင်းသန်အောင် ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်စောတင့်

ယာယီနေရပ်စွန့်ခွာစခန်းရှိ အိမ်ထောင်စုများနှင့် မိဘမဲ့ကလေးများပြုစုစောင့်ရှောက်ရေး ဂေဟာများသို့ ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်



မြစ်ကြီးနား ဩဂုတ် ၁၆

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသတွင်း ယာယီနေရပ်စွန့်ခွာပြည်သူများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးနှင့် မိဘမဲ့ကလေးများပြုစုစောင့်ရှောက်ရေး ဂေဟာများရှိ ကလေးငယ်များအဆင်ပြေစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများသည် အခြေခံစားသောက်ကုန်များကို ယနေ့ နံနက်ပိုင်းတွင် ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် (ကြာရာပတ္တီး-အေ)အတွင်းရှိ ရဝမ်နှစ်ခြင်းခရစ်ယာန်အသင်းတော်ပိုင်ဝင်းအတွင်းရှိယာယီနေရပ်စွန့်ခွာပြည်သူများနှင့်တွေ့ဆုံအားပေးစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာစခန်းရှိ အိမ်ထောင်စု ၅၇ စုအတွက် စုစုပေါင်းငွေကျပ် ၅၇၉၆၉၀၀ တန်ဖိုးရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၂၄ ပြည်အိတ် ၅၇ အိတ်၊ ဆီ ၅၇ ပိဿာ၊ ကြက်ဥများနှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ် ၅၇ သိန်းကိုထောက်ပံ့ပေးအပ်၍ တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက ငွေကျပ် ၁၀ သိန်းထောက်ပံ့ပေးအပ်သည်။

ထို့နောက် တပ်ကုန်း(အင်ကျန်ဒုံ-မြောက်) ရပ်ကွက် နယ်မြေ(၈)အတွင်းရှိ မေတ္တာရင်ခွင်မိဘမဲ့ကလေးများဂေဟာသို့ သွားရောက်ပြီး ဆန် ၂၄ ပြည်အိတ် ၅၀၊ ဆီပဿာ ၅၀ နှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် Gread Happy Land မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေးကျောင်းသို့ သွားရောက်၍ ဆန် ၂၄ ပြည်အိတ် ၃၀၊ ဆီပဿာ ၃၀ နှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် Gread Happy Land မိဘမဲ့ကလေးများ ပြုစုစောင့်ရှောက်ရေးကျောင်းသို့ သွားရောက်၍ ဆန် ၂၄ ပြည်အိတ် ၃၀၊ ဆီပဿာ ၃၀ နှင့် အလှူရှင်တစ်ဦးက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀ ကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားပြီး ကလေးများ၏ ချီးမွမ်းသီချင်းသီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ပုသိမ်မြို့တွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ပုသိမ် ဩဂုတ် ၁၆

ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ကန်သုံးဆင့်၊ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ကမ်းနားလမ်း ထုံးဘိုရပ် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံးရှေ့၌ ဝန်ထမ်းများ၊ ပြည်သူများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု၊ ကန်ကြီးထောင့်မြို့နယ်ပြည်သူ့ဆေးရုံ တိုးချဲ့နှစ်ထပ်ဆောင်ဆောက်လုပ်ပြီးစီးမှုနှင့် တကုန်းကြီးကျေးရွာရှိ ကန်ကြီးထောင့်မူလတန်းကြိုကျောင်းဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလ အတွင်းပြီးစီးစေရေးမှာကြားသည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(ပုသိမ်)သင်တန်းသားဆောင် (၁၀)ခန်းတွဲ RC သုံးထပ်ဆောက်လုပ်နေမှုကိုကြည့်ရှုစစ်ဆေးပြီး ပုသိမ်-ငွေဆောင်လမ်းပေါ်ရှိ တွန်ပလွန်တံတားအဆင့်မြှင့်တင်ခြင်း၊ သံကူကွန်ကရစ်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းရေး၊ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်းပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မူမူအေး

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၄.၈	/	၃၃.၈
ရန်ကုန်	၂၄.၈	/	၃၀.၈
မန္တလေး	၂၇.၈	/	၃၅.၈

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့



ပျောက်ဆုံးကြောင်း

ဝင်းထွဋ်အောင်(ဘ)ဦးမောင်လှ ၁၀/ဘလန(နိုင်)၁၃၅၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၂၃၄၉၈၉

ပျောက်ဆုံးကြောင်း

သီတာဝင်း(ဘ)ဦးဇော်ဝင်း ၁၀/ရမန(နိုင်)၂၀၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၄၃၃၇၆၀

ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ အ.ထ.က(တောင်ပေါက်ကျောင်း)၊ Grade-12မှ မိဒေဝီချမ်း၏ဖခင်အမည်မှန်မှာ ဦးပန်းအောင်ဉ/ကဆက(နိုင်)၀၄၆၄၄၄၉ ဖြစ်ပါကြောင်း။

ဦးပန်းအောင်

ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အမှတ်(၁)ရပ်ကွက်နေ အ.ထ.က(၄)Grade-11 တွင် ပညာသင်ကြားနေသော မသီရိမွန်၏ဖခင်အမည်မှန်မှာ ဦးသန်းထွန်းအောင်ဖြစ်ပါကြောင်း။

ဦးသန်းထွန်းအောင်

ပျောက်ဆုံးကြောင်း

မောင်ငြိမ်းသူရ(ဘ)ဦးအောင်ငွေ ၁၀/ရမန(နိုင်)၂၀၅၃၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၃၃၅၆၃၀၉

ပျောက်ဆုံးကြောင်း

သောင်းကြည်(ဘ)ဦးဖိုးကျော ၁၀/မဒန(နိုင်)၀၈၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၇၄၂၅၅၀

ပျောက်ဆုံးကြောင်း

ဒေါ်ချိုချိုမွေး(ဘ)ဦးဉာဏ်အောင် ၁၀/သဖရ(နိုင်)၁၄၁၀၆၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၁၀၉၀၉၃၆၀

ပျောက်ဆုံးကြောင်း

ဇော်လင်း(ဘ)ဦးမောင်စိုး ၁၀/သဖရ(နိုင်)၁၂၆၆၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၃၈၄၆၉၁၉

မြဝတီ သတင်းစာ
လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)
ဖြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတင်ရှိသောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား(၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဇွန်သီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရန်ကုန်၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၀၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်မန္တလေး၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၄၇၅၅
- မြဝတီသတင်းစာတိုက်မန္တလေး(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၅၆၆၂၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

အကြိတ်အနယ်ရှိလာဦးမည့် ဥရောပကလပ်အသင်းများ၏ အမှတ်ပေးပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်



ဘီလ်ဘာအို Vs ဆီဗီလာ

ကစားမည့် ရက် / အချိန်

(၁၇-၈-၂၀၂၂ ရက် ည ၁၂:၀၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘီလ်ဘာအို	၂	-	၀ ဆီဗီလာ
ဘီလ်ဘာအို	၁	-	၁ ဆီဗီလာ
ဆီဗီလာ	၀	-	၁ ဘီလ်ဘာအို

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

ဘီလ်ဘာအို	ဝေး(ရှုံး)	ဝေး(ရှုံး)	ဝေး(ရှုံး)
ဆီဗီလာ	ဝေး(သရေ)	အိမ်(သရေ)	ဝေး(သရေ)

ခန့်မှန်းရလဒ်

ဘီလ်ဘာအို ၁ - ၁ ဆီဗီလာ

ဘာစီလိုနာအသင်းနည်းပြဟောင်း ကိုင်တွယ်နေတဲ့ ဘီလ်ဘာအိုအသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ရမှတ် ၇၀ နဲ့ အမှတ်ပေးဇယားအဆင့်(၄) နေရာမှာ ရာသီပြီးဆုံးခဲ့ပြီး မာကျောတဲ့ကွင်းလယ်နဲ့ခံစစ်ပိုင်းအကောင်းဆုံးအသင်းအဖြစ် ရာသီသိမ်းခဲ့ရာ တစ်ရာသီလုံးမှာ ပေးဂိုး ၂၉ ဂိုးသာရှိခဲ့ပါတယ်။ ဒါပြင် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းအနေနဲ့လည်း နှစ်ပွဲသာရှုံးပွဲရှိထားပြီး အိမ်ကွင်းဆိုရင် အကောင်းဆုံးပုံစံနဲ့ကစားတတ်တာကြောင့် အခုရာသီအဖွင့်ပွဲစဉ်မှာလည်း ရလဒ်ကောင်းရရှိင်ဖို့ တိုက်စစ်ပိုင်းကို ဦးစားပေးကစားလာနိုင်ပြီး ဆီဗီလာအသင်းကိုလည်း အကောင်းဆုံးဖိအားပေးကစားလာနိုင်ပါတယ်။ သူတို့အသင်းက လက်ရှိအပြောင်းအရွှေ့ကာလမှာလည်း ကစားသမားပိုင်းက ထူးထူးခြားခြားအပြောင်းအလဲမရှိခဲ့တာကြောင့် ပြီးခဲ့တဲ့ရာသီက အသင်းရဲ့ပုံစံမျိုးကို ဆက်လက်ထိန်းထားနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဘီလ်ဘာအိုအသင်းရဲ့ ရာသီကြိုခြေစမ်းပွဲရလဒ်ပိုင်းကတော့ အားရစရာမရှိဘဲ ခုနစ်ပွဲကစားထားရာမှာ ခြောက်ပွဲရှုံးနိမ့်ပြီး တစ်ပွဲသာ အနိုင်ရထားတာကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာ အသင်းရဲ့လိုအပ်နေတဲ့ ပြင်ဆင်မှုပိုင်းတွေလုပ်ဆောင်လာနိုင်ပြီး ရလဒ်ကောင်းရဖို့ ကြိုးစားကစားလာနိုင်ပါတယ်။

ဆီဗီလာအသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အသင်းရဲ့စွမ်းဆောင်ရည်က ဆိုးရွားလွန်းနေတာကိုတွေ့ရပြီး လာလီဂါအမှတ်ပေးဇယားရဲ့ အဆင့်(၁၇)နေရာမှာ ရပ်တည်ပြီး ရာသီသိမ်းခဲ့ရသလို တန်းဆင်းဇုန်အဆင့်(၁၈)နေရာက လီဂါနက်စ်အသင်းနဲ့လည်း တစ်မှတ်သာကွာဟတဲ့အထိ ရုန်းကန်ခဲ့ရပါတယ်။ ဒါ့ကြောင့် နည်းပြဂျိုအာကွင်းကို ထုတ်ပယ်ခဲ့ပြီး အာဂျင်တီးနားနည်းပြ အယ်မီဒါနဲ့ အစားထိုးပြင်ဆင်ခဲ့ပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက နယူးကာဆယ်ကစားသမား အိုဒီဆီးနဲ့ တူးလော့အသင်းကစားသမား ဂါဘရီရယ်ဆွာဓို၊ ဆယ်တာဗီဂို အသင်းကစားသမား ဂွန်ဇာလက်ဇ်တို့ကို ခေါ်ယူဖြည့်တင်းမှုတွေပြုလုပ်ထားပြီး အသင်းကို အကောင်းဆုံးပြင်ဆင်မှုတွေပြုလုပ်ထားနိုင်တာကို တွေ့ရပါတယ်။ ဒါ့ကြောင့် နောက်ဆုံးကစားခဲ့တဲ့ ရာသီကြိုခြေစမ်းပွဲ ငါးပွဲစလုံးရှုံးပွဲမရှိဘဲ ခြေစွမ်းပိုင်းထက်မြက်မှုရှိလာတာကို တွေ့ရပါတယ်။ အခုလို အသင်းကို ပြင်ဆင်မှုပိုင်းတွေ ပြုလုပ်ထားတာကြောင့်လည်း လာလီဂါအဖွင့်ပွဲစဉ်မှာ ရလဒ်ကောင်းပိုင်ဆိုင်လာနိုင်တာကြောင့် ဆီဗီလာအသင်းအနေနဲ့ ဘီလ်ဘာအိုအသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားနိုင်ဖို့တော့ ခက်ခဲနိုင်ပါတယ်။

သူတို့နှစ်သင်းရဲ့တွေ့ဆုံမှုရလဒ်အနေနဲ့ကတော့ နောက်ဆုံးငါးကြိမ်မှာ ဘီလ်ဘာအိုအသင်းက သုံးကြိမ်နိုင်၊ တစ်ကြိမ်သရေကျထားပြီး ဆီဗီလာအသင်းက တစ်ကြိမ်သာအနိုင်ရထားတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဘီလ်ဘာအိုအသင်းက သူတို့အသင်းရဲ့ လာလီဂါပြိုင်ပွဲ အိမ်ကွင်းတွေ့ဆုံမှုနောက်ဆုံးလေးကြိမ်မှာ ဆီဗီလာအသင်းကို တစ်ကြိမ်သာ အနိုင်ရထားသလို အခုတွေ့ဆုံမှုမှာလည်း ဆီဗီလာအသင်းကို အနိုင်ရယူဖို့ ရုန်းကန်ရဖွယ်ရှိနေပါတယ်။

နော်တင်ဟမ် Vs ဘရန့်ဖို့ဒ်

ကစားမည့် ရက် / အချိန်

(၁၇-၈-၂၀၂၅ ရက် ည ၇:၃၀ နာရီ)

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

ဘရန့်ဖို့ဒ်	၃	-	၂ နော်တင်ဟမ်
ဘရန့်ဖို့ဒ်	၀	-	၂ နော်တင်ဟမ်
နော်တင်ဟမ်	၀	-	၂ ဘရန့်ဖို့ဒ်

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ

နော်တင်ဟမ်	ဝေး(ရှုံး)	အိမ်(သရေ)	အိမ်(သရေ)
ဘရန့်ဖို့ဒ်	ဝေး(သရေ)	ဝေး(ရှုံး)	အိမ်(သရေ)

ခန့်မှန်းရလဒ်

နော်တင်ဟမ် ၂ - ၁ ဘရန့်ဖို့ဒ်

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ ပရီမီးယားလိဂ် အမှတ်ပေးဇယားအဆင့်(၇)နေရာနဲ့ ရာသီသိမ်းခဲ့တဲ့ နော်တင်ဟမ်အသင်းက လက်ရှိခြေစွမ်းပိုင်းကတော့ အားရစရာမရှိသေးပါဘူး။ သူတို့အသင်းက ရာသီကြိုခြေစမ်းပွဲ ခုနစ်ပွဲမှာ နိုင်ပွဲမရရှိဘဲ ပေါ်တူဂီနည်းပြ နူနိုအနေနဲ့လည်း အခုအဖွင့်ပွဲစဉ်မှာ အသင်းကို ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။ နော်တင်ဟမ်အသင်းက ပြီးခဲ့တဲ့ဘောလုံးရာသီ ပထမအကျော့ပွဲစဉ်တွေမှာ အကောင်းဆုံးကစားနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၂)နေရာအထိ တက်ရောက်နိုင်ခဲ့တဲ့အသင်းပါ။ ဒါပေမဲ့ ဒုတိယအကျော့ပွဲစဉ်တွေမှာတော့ အသင်းရဲ့စွမ်းဆောင်ရည်ကျဆင်းလာပြီး အဆင့်(၇)နေရာနဲ့ ရာသီသိမ်းခဲ့တာပဲဖြစ်ပါတယ်။ ဒါ့ပြင် လက်ရှိအပြောင်းအရွှေ့ကာလမှာ နောဂှစ်ချ်အသင်းကနေရောက်ရှိလာတဲ့ အန်ဂက်စ်၊ ဘိုလော့ဂ်နာအသင်းကနေ ရောက်ရှိလာတဲ့ အန်ဒိုရီတို့ကလည်း အသင်းနဲ့ ခြေစွမ်းကောင်းတွေပြန်ိုင်ပြီး အခုဘရန့်ဖို့ဒ်အသင်းနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းနိုင်ဖို့ အကောင်းဆုံးကြိုးစားကစားလာကြမှာပါ။

ဘရန့်ဖို့ဒ်အသင်းကတော့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နိုင်အောင်စွမ်းဆောင်ထားနိုင်ပြီး သူတို့အသင်းအနေနဲ့ ကွင်းလယ်ပိုင်းစုဖွဲ့မှုကိုသာ အဓိကဦးစားပေးကစားလာတဲ့အသင်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီဘောလုံးရာသီမှာ သူတို့အသင်းရဲ့ပြင်ဆင်မှုကတော့ သိပ်အားရစရာမရှိပါဘူး။ လက်ရှိမှာ စပါးအသင်းကိုကိုင်တွယ်နေတဲ့ နည်းပြဖရန့်ကို လက်လွှတ်ခဲ့ရတဲ့အပြင် အသင်းရဲ့ အဓိက ကစားသမားတွေဖြစ်တဲ့ အမ်ဘူမိုက မန်ယူအသင်းကို ပြောင်းရွှေ့ခဲ့ပြီး ဂိုးသမားဖလက်ကန်နဲ့ နော်ဂတ်တို့လည်း ထွက်ခွာသွားခဲ့တာကြောင့် အသင်းရဲ့ခြေစွမ်းပိုင်းက ပြီးခဲ့တဲ့ဘောလုံးရာသီကလို မာကျောမှုရှိနိုင်မလားဆိုတာ စောင့်ကြည့်ရဦးမှာပါ။

နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်

နန့်တက်	၀	-	၂ ပီအက်စ်ဂျီ
ပီအက်စ်ဂျီ	၁	-	၁ နန့်တက်
နန့်တက်	၁	-	၁ ပီအက်စ်ဂျီ

နောက်ဆုံးသုံးပွဲ အနိုင်၊ အရှုံးအခြေအနေ


နန့်တက်	အိမ်(နိုင်)	အိမ်(ရှုံး)	ဝေး(ရှုံး)
ပီအက်စ်ဂျီ	အိမ်(နိုင်)	ဝေး(ရှုံး)	ဝေး(သရေ)

ခန့်မှန်းရလဒ်

နန့်တက် ၀ - ၂ ပီအက်စ်ဂျီ

နန့်တက်အသင်းက ပြီးခဲ့တဲ့ လီဂူးဝမ်းအမှတ်ပေးပြိုင်ပွဲမှာ စွမ်းဆောင်ရည်သာမန်သာရှိခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁၃)နေရာနဲ့ ရာသီသိမ်းခဲ့တဲ့အသင်းပါ။ သူတို့အသင်းက ဘဏ္ဍာရေးအခက်အခဲကြောင့်လည်း အသင်းရဲ့ကစားသမားပြောင်းရွှေ့မှုတွေ ကြီးကြီးမားမားမပြုလုပ်နိုင်ခဲ့ဘဲ လက်ရှိပြင်ဆင်မှုအနေနဲ့ကလည်း ပေါ်တူဂီနည်းပြ ကက်စ်အရိုအနေနဲ့ ထူးထူးခြားခြားလုပ်ဆောင်ခဲ့ခြင်းမရှိတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီ အိမ်ကွင်းစွမ်းဆောင်ရည်အနေနဲ့ကလည်း တစ်ရာသီလုံးမှာ နိုင်ပွဲငါးပွဲသာရရှိခဲ့တာကြောင့် သာမန်အဆင့်သာရှိတယ်လို့ဆိုရမှာပါ။ ဒါ့ပြင် သူတို့အသင်းက ရာသီကြိုခြေစမ်းပွဲသုံးပွဲမှာ တစ်ပွဲသာအနိုင်ရထားတာကို တွေ့ရတာကြောင့် ပီအက်စ်ဂျီလိုအသင်းကို အသာစီးရယူကစားနိုင်ဖို့ ခက်ခဲပါလိမ့်မယ်။

ပြင်သစ်လီဂူးဝမ်းရဲ့လက်ရှိချန်ပီယံ ပီအက်စ်ဂျီအသင်းကတော့ ပြီးခဲ့တဲ့ဥရောပစူပါဖလားဗိုလ်လုပွဲမှာ စပါးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့အနိုင်ယူပြီး ချန်ပီယံဖြစ်ခဲ့သလို လက်ရှိခြေစွမ်းပိုင်းကလည်း အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။



သူတို့နှစ်သင်းရဲ့ တွေ့ဆုံမှုနောက်ဆုံးငါးကြိမ်မှာလည်း ဘရန့်ဖို့ဒ်အသင်းက သုံးကြိမ်နိုင်၊ တစ်ကြိမ်သရေနဲ့ တစ်ကြိမ်သာရှုံးနိမ့်ထားပါတယ်။ နော်တင်ဟမ်အသင်းက ဒီဘောလုံးရာသီမှာ အသစ်ခေါ်ယူထားတဲ့ ကစားသမားတွေရဲ့ခြေစွမ်းကို စောင့်ကြည့်ရမှာပါ။ ဒါပေမဲ့ ဒီနှစ်သင်းရဲ့ လက်ရှိခြေစွမ်းပိုင်းနဲ့ ပြင်ဆင်မှုပိုင်းမှာ အသာစီးရနေတဲ့ နော်တင်ဟမ်အသင်းကပဲ အခုဘောလုံးရာသီ အိမ်ကွင်းပွဲစဉ်ကို နိုင်ပွဲနဲ့ စတင်ဖွင့်လှစ်သွားပါလိမ့်မယ်။

နန့်တက် Vs ပီအက်စ်ဂျီ

ကစားမည့် ရက် / အချိန်

(၁၈-၈-၂၀၂၅ ရက် နံနက် ၁:၁၅ နာရီ)

လက်ရှိကစားသမား အပြောင်းအရွှေ့ကာလမှာ အဓိကဂိုးသမား ဒွန်နာရမ်မာ အသင်းကထွက်ခွာဖို့ သေချာသလောက်ရှိနေပြီး လိုင်လီဂိုးသမား ချီဗာလီယာကို ခေါ်ယူထားပြီးဖြစ်သလို ဘုန်းမောက်နောက်ခံကစားသမား လူဇောဘာနဲ့ ကစားသမား သစ်တချို့အားဖြည့်ထားတာကြောင့် အသင်းရဲ့ကစားသမားစာရင်းကလည်း အကောင်းဆုံးဖွဲ့စည်းမှုဖြစ်နေပါတယ်။

ပြီးခဲ့တဲ့ဘောလုံးရာသီမှာ နန့်တက်အသင်းက ပီအက်စ်ဂျီအသင်းကို အိမ်ကွင်း၊ အဝေးကွင်းနှစ်ကျော့စလုံးသရေကစားနိုင်ခဲ့ပေမယ့် အခုပွဲစဉ်မှာတော့ နန့်တက်အသင်းအနေနဲ့ ထိန်းချုပ်ကစားနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ပီအက်စ်ဂျီအသင်း အနိုင်ရလဒ်က သေချာပါတယ်။

စည်သူအောင်

အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

မုံရွာ ဩဂုတ် ၁၆

မုံရွာတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံရှေးဦးပြုစုခြင်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ သင်တန်းသား၊ သင်တန်းသူများက “ကြက်ခြေနီဂုဏ်ပြု” တေးသီချင်းသီဆို၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းတွင်ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးဦးညွန့်ဝင်းအောင်က မုံရွာတက္ကသိုလ်အတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းကို ပါမောက္ခချုပ်ထံပေးအပ်သည်။

ထို့နောက် မုံရွာတက္ကသိုလ်ပါမောက္ခချုပ်က ကြက်ခြေနီသင်တန်း ဆရာ၊ ဆရာမများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ကြက်ခြေနီအဖွဲ့ဥက္ကဋ္ဌက သင်တန်းဆင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ကာ မုံရွာတက္ကသိုလ် ကြက်ခြေနီအသင်းခွဲအတွက် ဆေးဘူးများပေးအပ်၍ အခြေခံရှေးဦးပြုစုခြင်းသင်တန်း သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများကို တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့မှ စားသုံးဆီများ၊ ဆန်များနှင့် ဟင်းသီးဟင်းရွက်များ စျေးနှုန်းသက်သာစွာ ရောင်းချပေးနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ယင်းနောက် မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဝါဆိုဝါကပ်တော်မူကြသည့် သက်တော်ရှည်ဆရာတော်ကြီးများနှင့် ဆရာတော်၊ သံဃာတော်များ ဝါတွင်းကာလအတွင်း ဆွမ်းကွမ်းအခက်အခဲမရှိစေရေးတို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲကို မုံရွာမြို့ မြဝတီရပ်ကွက်ရှိ ရွှေဥဒေါင်းကျောင်းတိုက်ကြီး၌ကျင်းပရာ မုံရွာမြို့ ရွှေဥဒေါင်းကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တမာဃဝံသ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်ကြီးနှင့် ပင့်သံဃာဆရာတော်ကြီးများထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်တိုင်းဒေသကြီးဝန်ကြီးများက ဆွမ်းဆန်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကြောင်း သိရသည်။

အေးသန္တာ

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၆

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မိုင်းဖြတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ဘူရီးကျေးရွာအနီးတွင် လော်စေး မောင်းနှင်လာသောဆိုင်ကယ်၊ ကျဖီး မောင်းနှင်လာသောဆိုင်ကယ်၊ ကျပေါ မောင်းနှင်လာသောဆိုင်ကယ်နှင့် မောင်ရှည် (ခ)မောရှည် မောင်းနှင်လာသောဆိုင်ကယ် တို့အား စစ်ဆေးရာဖွေရာ ၎င်းတို့ ၄ ဦး သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၄ သိန်း (တစ်ပြားလျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၆၀)ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် သတင်းအရ ဘားအံမြို့နယ် ဇာသပြင်တံတားအနီးတွင် ဘားအံမြို့နယ် ကျားကလေးကျေးရွာဘက်မှ မော်လမြိုင်မြို့ဘက်သို့ အေးဝင်းမောင်းနှင်လာသောဆိုင်ကယ်အား စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၁၈၀)ကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ပူးပေါင်းအဖွဲ့သည် ညနေ ၅ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက်(၁) ဝေါနိမ့်ကျေးရွာအထွက်လမ်းပေါ်တွင် ဝေါနိမ့်ကျေးရွာအတွင်းမှ လမ်းလျှောက်ထွက်လာသူ အောင်ကျော်ထွန်း(ခ) မော်ချူး(ခ) အားချာအား စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၁ သိန်း)ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မြဝတီ



တရားခံ ကျပေါ၊ မောင်ရှည်(ခ) မောရှည်၊ ကျဖီးနှင့် လော်စေးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

● **ကျောဖုံးမှအဆက်**

အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၄၀၃၆၇၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားမဝင် ရွှေတူးဖော်ရာတွင် အသုံးပြုသည့် ၁၀ လက်မ လည်ချောင်းပိုက် ၂၂ လုံး အပါအဝင် ဆက်စပ်ပစ္စည်း (၅၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးကွင်း၊ စိန်ရတနာကားဂိတ်အနီး၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၆၁၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၉၇၆) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီးနှင့် King Long Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂၀၈၉၇၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၄ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း(၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၅၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Sung Long Bus (၁)စီး၊ Zhong Tong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၈၄၃၈၇၆)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၁၅ ရက်**တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (၂ ဒသမ ၈၃၉)တန်၊ သစ်မာ (၁ ဒသမ ၅၉၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၇၉၇၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ **ဩဂုတ်လ ၁၅ ရက်**တွင် ညောင်ခါးရွာအမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး၊ လူသုံးကုန်ပစ္စည်း (၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၅၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၃၀၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၅ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၅)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃၅)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၆၀၄၄၇၆၅)ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းကြောင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

❐ **ရေကြီးမှုအခြေအနေမှ**

ယနေ့နံနက် ၈ နာရီအချိန်တိုင်းထွာချက်အရမယ်ဆိုင်ချောင်းရေသည်တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများနှင့်တာချီလိတ်မြို့အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/၈လ)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
ကြော်ငြာစာအမှတ်(၁/၂၀၂၅)
(၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ခ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

(ဂ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား တိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက်(၃၀)နှစ်မကျော်လွန်စေရ။

(ဂ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

(ခ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

(ဂ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၁၅-၈-၂၀၂၅ ရက်မှ ၂၁-၈-၂၀၂၅ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်းထောက်ခံချက် ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂ ရက်၊ ၃ ရက်တို့၌ ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော် ဖုန်း - ၀၆ -၄၃၀၂၄၈၂၀၊ ၀၆-၄၂၂၁၉၂၁၇၀၊ ၀၆- ၂၅၀၀၀၀၈၅၄
၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈

ရန်ကုန် ဖုန်း - ၀၆-၄၀၃၇၀၃၅၅၆၆

မန္တလေး ဖုန်း - ၀၆-၆၈၈၈၈၃၅၅၈

ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ကျိုက်လတ်မြို့နယ် (အ.ထ.က-၂)G-12 တွင် ပညာသင်ကြားနေသော မရွှေစင်ထွေး၏ဖခင်အမည်မှန်မှာ PAKJON ဖြစ်ပါကြောင်း။
PAKJON

အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ ကျုံသိဝ(အထက)G-11 တွင် ပညာသင်ကြားနေသော မယွန်းမြတ်စု၏အမည်မှန်မှာ မယွန်းမြတ်ဆု ၁၄/ကလန(နိုင်)၂၂၀၁၈၈ ဖြစ်ပါကြောင်း။
မယွန်းမြတ်ဆု

ပျောက်ဆုံးကြောင်း
သီတာထွန်း(ဘ)ဦးစောထွန်း ၁၂/မရက(နိုင်) ၁၁၈၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၅၀၇၄၅၁၁၀

ပျောက်ဆုံးကြောင်း
ဒေါ်မို့(ဘ)ဦးချန်စိန် ၇/တငန(နိုင်)၀၂၇၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 473810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၂၆၄၄၈၄

ပျောက်ဆုံးကြောင်း
မောင်မောင်မြသန်း(ဘ)ဦးမြ ၇/တငန(နိုင်) ၀၂၇၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၅၈၇၃၂

ပျောက်ဆုံးကြောင်း
ဟန်ဝင်းဇော်(ဘ)ဦးတင်မောင်အေး ၅/ကလထ(နိုင်)၂၈၃၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 945034)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၀၅၃၃၂၇

ပျောက်ဆုံးကြောင်း
ဒေါ်တိုး(ခ)မာရီးနာ ၁၂/အစန(နိုင်)၁၆၁၂၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၇၂၈၇၁၇

ပျောက်ဆုံးကြောင်း
ခင်ချိုမြင့်(ဘ)ဦးကံကြီး ၁၂/မဂဒ(နိုင်) ၀၉၆၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၁၆၆၁၇၁၅

ပျောက်ဆုံးကြောင်း
ဌေးမြင့်(ဘ)ဦးမောင်လေး ၁၂/သကတ(နိုင်) ၀၅၆၀၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၄၈၅၅၉၉

ပျောက်ဆုံးကြောင်း
သန်းဝင်း(ဘ)ဦးရွှေပိန်း ၁၂/လသန(နိုင်) ၀၀၁၀၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၄၀၀၆၆၅၅

ပျောက်ဆုံးကြောင်း
သိန်းအောင်ဇော်(ဘ)ဦးမြင့်သိန်း ၁၂/ကမရ(နိုင်)၀၅၁၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၇၉၄၆၅၅၈

ပျောက်ဆုံးကြောင်း
ကျော်ခဲအောင်(ဘ)ဦးကျော်စိုး ၁၂/ဒဂတ(နိုင်) ၀၈၇၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၃၁၁၀၇

ပျောက်ဆုံးကြောင်း
ကျော်ကျော်ဝင်း(ဘ)ဦးစံခိုင် ၁၂/လမတ(နိုင်) ၀၀၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၉၀၂၄၁၇

ပျောက်ဆုံးကြောင်း
ဝင်းကျော်ဟန်(ဘ)ဦးကျော်မင်း ၁၀/ကထန(နိုင်)၀၈၄၁၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၂၂၄၂

ပျောက်ဆုံးကြောင်း
စန်းမြင့်(ဘ)ဦးဇော်ဟိန်းအာမက် ၁၂/ဒဂတ(နိုင်)၀၁၈၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၆၈၀၈၃၁၂

ပျောက်ဆုံးကြောင်း
မျိုးမင်းထွန်း(ဘ)ဦးမောင်အေး ၁၂/အလန(နိုင်)၀၃၈၅၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၀၄၅၅၇၄၄

ပျောက်ဆုံးကြောင်း
အေးအေးမူ(ဘ)ဦးမောင်စိန် ၁၀/မလမ(နိုင်) ၁၈၁၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၄၄၄၆၆၆၆

ပျောက်ဆုံးကြောင်း
မေသူဝင်း(ဘ)ဦးမောင်ဝင်း ၉/တကန(နိုင်) ၁၃၇၀၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 242017)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇

ပျောက်ဆုံးကြောင်း
ရန်ပိုင်စိုး(ဘ)ဦးလွှမ်းနိုင်(ခ)ဝွမ်းပုံ ၁၄/အမန(နိုင်)၂၁၃၃၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၇၇၈၃၀၆

ပျောက်ဆုံးကြောင်း
သင်းမိုးမြင့်(ဘ)ဦးကံမြင့် ၁၂/ဒဂတ(နိုင်) ၀၉၇၅၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၉၁၂၁၃၃

ပျောက်ဆုံးကြောင်း
ဥဏှာ(ဘ)ဦးစံကျော်အောင် ၁၂/သဃက(သ)၀၀၁၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၅၅၆၈၅

ပျောက်ဆုံးကြောင်း
ဦးမြသိန်း(ဘ)ဦးသန်းဌေး ၉/မခန(နိုင်)၁၆၈၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၆၉၉၅၇၉၉

ပျောက်ဆုံးကြောင်း
ကျော်မင်း(ဘ)ဦးသိန်း ၁၄/လမန(နိုင်) ၁၀၅၉၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၀၄၂၉၃၃၃

မှတ်ပုံတင်အမှုန်
ပဲခူးတိုင်း၊ကဝမြို့နယ်၊သရက်ကုန်းကျေးရွာအုပ်စု၊ အောင်ဆုပန်ကျေးရွာနေ အဘ ဦးညွှန့်၏သား ဦးအောင်သိန်းကိုင်ဆောင်သော မှတ်ပုံတင်မှာ ၇/ကဝန(နိုင်)၀၄၇၄၇၁ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပျောက်ဆုံးကြောင်း
ဆန်းဝင်း(ဘ)ဦးအုန်းဖေ ၁၂/ကတတ(နိုင်) ၀၀၉၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၆၀၂၂၀၇၇

ပျောက်ဆုံးကြောင်း
ချောအိသိန်း(ဘ)ဦးခင်မောင်သိန်း ၉/မကန(နိုင်)၀၆၄၃၇၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၂၅၄၆၄၆

ပျောက်ဆုံးကြောင်း
ဝေဿနည်ဝင်း(ဘ)ဦးသန်းလွင် ၁၀/မလမ(နိုင်) ၁၉၃၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၉၅၅၄၆၅၁

ပျောက်ဆုံးကြောင်း
ကိုကိုနိုင်(ဘ)ဦးမြင့်ဝေ၇/ဇကန(နိုင်)၀၃၈၀၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၆၆၁၅၁၄

ပျောက်ဆုံးကြောင်း
မိုဝိပို(ဘ)ဦးမြင့်သိန်း ၁၀/ခဆန(နိုင်)၀၈၁၁၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၀၁၀၁၃၀

ပျောက်ဆုံးကြောင်း
ယဉ်ဝင်းနွယ်(ဘ)ဦးမြင့်ဝေ ၁၀/ပမန(နိုင်)၁၉၂၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၄၀၅၅၈၁

ပျောက်ဆုံးကြောင်း
မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကျောက်ရေတွင်းကျေးရွာနေ ရဲသီဟ(ဘ)ဦးမြင့်သိန်း ၁၀/ဘလန(နိုင်)၁၂၀၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၄၀၀၀၈၂

ပျောက်ဆုံးကြောင်း
တောင်ငူမြို့၊ (၅)လမ်း၊ နတ်သျှင်နောင်ရပ်ကွက်နေ မောင်ဟိန်းထက်ကျော်(ဘ)ဦးမောင်မောင်သင်း ၇/တငန(နိုင်)၂၀၆၄၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

ပျောက်ဆုံးကြောင်း
မြိတ်မြို့နယ်၊ စန္ဒ၀တ်ရွာနေ မောင်သိန်းသန်းအောင်(ဘ)ဦးထွန်းရင် ၆/မမန(နိုင်)၁၆၆၄၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 910123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၈၄၉၄၇၅

ပျောက်ဆုံးကြောင်း
မြိတ်မြို့၊ ဈေးတန်းရပ်နေ သန်းသန်းနွယ်(ဘ)ဦးသန်းစိန် ၆/မအရ(နိုင်)၀၉၀၀၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၉၉၂၃၅၁

ပျောက်ဆုံးကြောင်း
ထားဝယ်မြို့၊ ညောင်ရမ်းတောင်ရပ်နေ ချစ်ပိုင်ဝင်း(ဘ)ဦးစန်းမြင့် ၆/ထဝန(နိုင်) ၁၀၉၇၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၉၉၂၃၅၁

ပျောက်ဆုံးကြောင်း
မြိတ်မြို့၊ မြစ်ငယ်ရပ်နေ သက်ဆုန္ဒြေဦး(ဘ)ဦးဖိုးကုန် ၆/မမန(နိုင်)၁၄၈၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၉၉၂၃၅၁

ပျောက်ဆုံးကြောင်း
လမ်းမတော်မြို့၊ အမှတ်(၁)ရပ်နေ လွဲလွဲဝင်း(ဘ)ဦးဘီးဘွန် ၁၂/လမတ(နိုင်)၀၁၄၈၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၅၀၆၅၅၇၇

ပျောက်ဆုံးကြောင်း
ထားဝယ်မြို့၊ ဘုမ္မော်ရပ်နေ ချမ်းမြေ့အောင်(ဘ)ဦးမြင့်အောင် ၆/ထဝန(နိုင်) ၁၁၆၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၉၉၂၃၅၁

ပျောက်ဆုံးကြောင်း
ထားဝယ်မြို့၊ ကျောက်မော်ရပ်နေ ဝိဝေကနန္ဒီ(ဘ)ဦးစစ်ရှိ ၆/ထဝန(သီ)၀၀၀၆၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 403133)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၁၀၉၃၃၈

ပျောက်ဆုံးကြောင်း
မြိတ်မြို့၊ ရေပုန်းရပ်နေ ခြူးသာယာကျော်(ဘ)ဦးကျော်မြင့် ၆/ကရရ(နိုင်)၀၀၄၈၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၁၁၈၆၁၉

ပျောက်ဆုံးကြောင်း
ထားဝယ်မြို့၊ ယဉ်ငေးသာသနာ့ရိပ်သာနေ ပုညရဲသီ(ဘ)ဦးအောင်မောင်း ၆/ထဝန(သီ)၀၀၆၄၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 403134)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၆၁၆၁၉၅၅

ပျောက်ဆုံးကြောင်း
မြိတ်မြို့၊ ကန်လွှဲမြို့လယ်ကျောင်းတိုက်ဝရသာမိ(ဘ)ဦးလှစံ ၆/မမန(သ)၀၀၁၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 121113)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၁၄၄၈၅

ပျောက်ဆုံးကြောင်း
နန်းညီညီ(ဘ)ဦးသုန္ဒရ၉/မမန(နိုင်)၀၄၀၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၃၆၃၆၀၀

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။



ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း / ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)


အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဝိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့မှ
ထုတ်လုပ်သော **ကြံ့၊ ဆင်နှစ်ကောင်၊ Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။









ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၂၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀

MYAWADDY TRADING LIMITED



ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေဩဇာ။

Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com



ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd

ငါး/ပုစွန် မြင့်မြင့်အေးခဲထုတ်လုပ်ခြင်း (အဆောင်းခန်းစက်ရုံ)







အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ







လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ









ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com

❖ မိမိတို့စုစည်းညီညွတ်မှုမရှိသမျှ မည်သည့်စီးပွားရေးစနစ်မျှ အောင်မြင်မည်မဟုတ် . . .

❖ မည်သည့်နိုင်ငံရေးစနစ်မျှ ခိုင်ခိုင်မာမာဦးဆောင်နိုင်မည်မဟုတ် . . .

❖ မည်သည့်လူမှုရေးစနစ်မျှ သာယာဝပြောစိတ်ချမ်းသာမှုကို ဆောင်ကြဉ်းပေးနိုင်မည်မဟုတ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ရုရှားသမ္မတဗလာဒီမာပူတင်နှင့်အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ကြားတွေ့ဆုံဆွေးနွေးမှု သဘောတူညီချက်မရသော်လည်း တိုးတက်မှုများရရှိ

နိုင်ငံတကာသတင်း စာ - ၂၃ သို့

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ည‌နေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတို့၌ ဩဂုတ်လ ၁၈ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ **(မိုး/၈လ)**

ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ **စာမျက်နှာ ၂၉ ကော်လံ ၁** ❐

ပေါင်းတည်မြို့နယ်၌ မိုးစပါးဧက ၇၃၀၀၀ ကျော် စိုက်ပျိုးထားရှိ



ပေါင်းတည် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၅ ခုနှစ်မိုးစပါးစုစုပေါင်း ၇၃၅၁၄ ဧကာ စိုက်ပျိုးထားလျက်ရှိပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

မြို့နယ်အတွင်းရှိသုံးသီးစိုက် စိုက်ပျိုးမြေများရှိမိုးစပါးများသည် ယခုအခါ ပျှမ်းမျှသက်တမ်း ၃၅ ရက်ခန့်ရှိနေကြပြီး တောင်သူများသည် ယခုအချိန်တွင် ပေါင်းမြက်ပယ်ခြင်း၊ မြေဩဇာကြဲပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါ မိုးစပါးများကို စိုက်ပျိုးရေးဦးစီးဌာန၊စက်မှုလယ်ယာဦးစီးဌာနတို့၏ အသိပညာပေးဆောင်ရွက်မှုဖြင့် မျိုးစေ့ချကိရိယာ၊ လက်ဆွဲကောက်စိုက်စက်၊ ၆ တန်းသွား၊ ၁၂ တန်းသွား ကောက်စိုက်စက်ကြီးများဖြင့် **စာမျက်နှာ ၁၅ ကော်လံ ၁** ➤

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၁၄ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း **စာမျက်နှာ ၂၉ ကော်လံ ၁** ●

အင်္ဂလန်ပရီးမီးယားလိဂ် ပွဲစဉ်(၁) ဘောလုံးပွဲရလဒ်များ

လီဗာပူး	၄ - ၂	ဘုန်းမောက်
ဗီလာ	၀ - ၀	နယူးကာဆယ်
ဘရိုက်တန်	၁ - ၁	ဖူဟမ်
ဆန်းဒါးလန်း	၃ - ၀	ဝက်စ်ဟမ်း
စပါး	၃ - ၀	ဘန်လေ

မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြား များ ဖမ်းဆီးရမိ

စာ - ၂၉ သို့

